# MINISTRY OF Sports and Youth Affairs

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

## သတင်းလွှာ

Monthly Newsletter

Volume 1, No, 2, June 2022


# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား၊ နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်



**နေပြည်တော်၊ ဇွန်လ(၃)ရက်။**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် စီမံ

စာမျက်နှာ(၂)သို့







မျက်နှာဖုံးသတင်း …မှ စာဆက်

အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာ ကြံ့ခိုင်မှု၊ ဌွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ပါကြောင်း။

အလားတူ အားကစားသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဆောင်ကာ အမျိုးသားရေးစိတ်ဓါတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ အရှုံးမပေးသည့်စိတ်ဓါတ်၊ ခိုင်မာသည့်စိတ်ဓါတ်များကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်းကို မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိနိုင်ငံပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရန်အတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်ကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်နေရကြောင်း။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း(၂၀)ကို













အားကစားသမား(၂၉၃)ဦး၊ အုပ်ချုပ်သူ၊ နည်းပြ(၉၇)ဦး၊စုစုပေါင်း(၃၉၀)ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲမသွားမီ နိုင်ငံတော်အလံအပ်နှင်းပွဲတွင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြရန်၊ မိမိနိုင်ငံအလံလွှင့်တင်ဂုဏ်ပြုရသည်အထိ ကြိုးစားကြရန် မှာကြားခဲ့ပါကြောင်း၊ အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင်မှုကြောင့် ပြိုင်ပွဲတွင် ရွှေတံဆိပ်(၉)ခု၊ ငွေတံဆိပ်(၁၈)ခု၊ ကြေးတံဆိပ်(၃၅)ခု၊ စုစုပေါင်း ဆုတံဆိပ်(၆၂)ခုတို့ကို ရရှိခဲ့ပြီး ပြိုင်ပွဲဝင်(၁၁)နိုင်ငံအနက် အဆင့်(၇)ရရှိခဲ့ကြောင်း။

အားကစားပြိုင်ပွဲများတွင် အနိုင်မခံ အရှုံးမပေးသောစိတ်ဓါတ်ဖြင့် ရိုးရိုးသားသား ကြိုးစားပြိုင်ပွဲဝင်ခဲ့ကြပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင် ဂုဏ်ယူရကြောင်း၊

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်ကြသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြများ အပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်/မယ်များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းဖြစ်ကြောင်း။

(၃၁)ကြိမ်တိုင်ပြုလုပ်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတိုင်းကို မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်ခဲ့ရာတွင် ပြီးခဲ့သည့် (၂၉)ကြိမ်မြောက်တွင် အားကစားနည်း(၂၉)နည်း၊ အားကစားသမား (၃၈၂)ဦး၊ ဆုတံဆိပ် ရွှေ(၇)ခုအပါအဝင် ဆုတံဆိပ်(၃၇)ခု၊ အကြိမ်(၃၀)မြောက်တွင် အားကစားနည်း(၃၁)နည်း၊ အားကစားသမား(၃၅၁)ဦး၊ ဆုတံဆိပ် ရွှေ(၄)ခုအပါအဝင် ဆုတံဆိပ်(၇၃)ခု၊ ယခု(၃၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားနည်း(၂၀)၊ အားကစားသမား(၂၉၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး

ဆုတံဆိပ် ရွှေ(၉)ခုအပါအဝင် ဆုတံဆိပ်(၆၂)ခု ရရှိခဲ့သည်ကို တွေ့ရကြောင်း၊

ကိန်းဂဏန်းများအရ တိုးတက်အောင်မြင်မှုရခဲ့သည်ကို မငြင်းနိုင်













ကြောင်း၊ သို့သော်လည်း ယခုယှဉ်ပြိုင်သည့် အားကစားနည်းများသည် ကိုဗစ်-၁၉ရောဂါကြောင့် ပြိုင်ပွဲနောက်ဆုတ်ခဲ့သည့်အတွက် ပြည်တွင်း/ပြည်ပတွင် လေ့ကျင့်ချိန်များစွာ ရခဲ့ကြောင်း၊ လေ့ကျင့်ခဲ့သည့်အချိန်တွင် ရခဲ့သည့် အကောင်းဆုံးစံချိန်များ ယခုရခဲ့သလားဆိုသည်ကို ဆန်းစစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် ရုပ်သံနှင့် YouTube က ကြည့်ခဲ့ရသည့် အချို့သောအားကစားပွဲများသည် နည်းစနစ်အရ၊ သက်လုံအရ၊ ကြံ့ခိုင်မှုအရ လိုအပ်ချက်ရှိနေသည်ကို တွေ့ရကြောင်း၊ အင်ပြည့်အားပြည့် ကစားရန် လိုနေသေးသည်ဟု သုံးသပ်ရကြောင်း၊ အားကစားပြိုင်ပွဲပြီးတိုင်း လေ့လာသုံးသပ်ပြီး ပြုပြင်ကြသော်လည်း မည်သည့်အတွက်ကြောင့် တိုးတက် သင့်သလောက် မတိုးတက်သည်ကို ဆန်းစစ်ရမည် ဖြစ်ကြောင်း၊

ယခု(၃၁)ကြိမ်မြောက်ပြိုင်ပွဲတွင် မိမိတို့ထက် လူဦးရေနည်းပြီး နိုင်ငံငယ်သည့် နိုင်ငံများက ဆုတံဆိပ်ရရှိမှုတွင် မိမိတို့အထက်၌ ရှိနေသည်ကို တွေ့ရကြောင်း၊ ပြိုင်ပွဲဝင်သည့် လူဦးရေ အရေအတွက်နှင့် အားကစားနည်း နည်းသည့်အတွက်ကြောင့် သို့မဟုတ် စံချိန်၊ ကြံ့ခိုင်မှု၊ နည်းစနစ်စသည့်အချက်များကွာခြားခြင်းကြောင့်လားဟု မေးစရာရှိကြောင်း။

အားကစား နှင့် စီးပွားရေး (ငွေကြေး)၊ နိုင်ငံရေး ရောစွမ်းရ ကြောင်း၊ မိမိတို့နိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်နေခြင်းသည် အိုလံပစ်ပြိုင်ပွဲအဆင့်ဆင့်သာဖြစ်ပါကြောင်း၊ ဆီးဂိမ်းတွင်သာမဟုတ်ဘဲ အာရှအဆင့်အထိ သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကမ္ဘာ့အဆင့်အထိ သွားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အပြည့်အဝအားပေးရန် အသင့်ရှိကြောင်း၊ အဆင့်မီသည့် အားကစားသမားတိုင်းသည် နိုင်ငံကိုယ်စားပြုချင်သည့်စိတ်လည်း ရှိရန်လိုကြောင်း၊ ယင်းမှာတိုင်းပြည်၏ ဂုဏ်သိက္ခာဖြစ်ကြောင်း။

ယခုပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် အားကစားသမားများ အရေအတွက်နည်းနည်းဖြင့် ပြိုင်ပွဲ အမျိုးအစား တစ်ဝက်လောက်ကိုသာ ဝင်

ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသော်လည်း နိုင်ငံအလိုက် အဆင့်တစ်ခုကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့ကြသည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓါတ်များ နှင့် အောင်မြင်မှုကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားအဖွဲ့ချုပ်အသီးသီးမှ မြန်မာအားကစားမောင်/မယ်များအနေဖြင့် အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းကနေ အားကစားစိတ်ဓါတ်အပြည့်ဖြင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင် အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်း။

ယခုဂုဏ်ပြုပွဲတွင် ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေး ကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း(၃၀၀)၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း(၂၀၀)၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း(၁၀၀)နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားသမား တစ်ဦးလျှင် ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိခဲ့သည့်အားကစားသမားတစ်ဦးလျှင် ငွေကျပ်သိန်း(၇၀)၊ ကြေးတံဆိပ် ရရှိခဲ့သည့် အားကစားသမားတစ်ဦးလျှင် ငွေကျပ်(၃၅)သိန်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကို မိမိတို့အားကစားနည်းအလိုက် ရွှေတံဆိပ်ရရှိခဲ့ပါက နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း(၅၀)၊ ကြေးတံဆိပ် ရရှိခဲ့ပါက ငွေကျပ်သိန်း(၃၀)နှင့် အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း(၁၀၀)၊ ငွေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း(၅၀)၊ ကြေးတံဆိပ် ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း(၃၀)နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း (၁၃၂၇၀)ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊

ယခု ချီးမြှင့်ငွေများသည် အားကစားနှင့် သက်ဆိုင်သူများအတွက် သင့်တော်သည့် လူမှုဘဝ













တိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ အားကစားသမားများက နိုင်ငံ့ဂုဏ်ဆောင်ရန် အားသွန်ခွန်စိုက် ကြိုးစားသကဲ့သို့ နိုင်ငံတော်ပိုင်းကလည်း လိုအပ်သည့် ပံ့ပိုးမှုများ ရရှိအောင်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း။













ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုး ကူညီကြသူ စေတနာရှင်များ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့် အနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသကဲ့သို့ နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း အားကစားသမားများအနေဖြင့် မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓါတ်များနှင့် ပေါင်းစပ်ပြီး ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် အလေးအနက်ထား ဆက်လက်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာ အမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစား ပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကို တိုင်းတာသည့် အားကစားပြိုင်ပွဲကြီးဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် အားကစားသမားများနှင့် တာဝန်ရှိသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊

အားကစားမောင်/မယ်များအနေဖြင့်လာမည့်၂၀၂၃ခုနှစ်၊ မေလ(၅)ရက်မှ(၁၇)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမို အောင်မြင်မှုရရှိရေး မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓါတ်တို့ဖြင့် ရေကုန်ရေခမ်း ပြိုင်ပွဲဝင်နိုင်ရေးယခုကတည်းက အားထုတ်ကြိုးပမ်းပြင်ဆင်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

လူငယ်လူရွယ်တိုင်းအားကစားကို

စိတ်ပါဝင်စားပြီး ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများ၊ အားကစားထူးချွန်သည့် မောင်/မယ် များအဖြစ် သက်ဆိုင်ရာဒေသ ကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများ အဆင့်ကနေ အရှေ့တောင်အာရှမှအာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်မှုများ ယခုထက် ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ကြပါစေဟု တိုက်တွန်းပြောကြားသည်။





ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ဗိုဗီနမ် အားကစားနည်းမှ မောင်မနားကွီး၊ မောင်အိုက်စိုးလင်း၊ မောင်ဇင်လင်းထွန်း၊ မောင်ဇော်ဇော်၊ မောင်အောင်ခိုင်လင်း၊ မောင်ရာဇာထွန်း၊ မောင်ဟိန်းထက်အောင်၊ မောင်ကျော်သူစိုးအောင်၊ မခိုင်ဝါဖူး၊ မမေဟန်နီအောင်လွင်၊ ပိုက်ကျော်ခြင်း အားကစားနည်းမှ မခင်နှင်းဝေ၊ မဖြူဖြူသန်း၊ မယမုံဇင်၊ ဝူရှူးအားကစားနည်းမှ မောင်သိန်းသန်းဦး၊ Kurash အားကစားနည်းမှ မအေးအေးအောင်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းမှ မောင်ရဲထွန်းနောင်၊ ပီတန်းအားကစားနည်းမှ မခင်ချယ်ရီသက်၊ ဘီလီယက်နှင့်စနူကာအားကစားနည်းမှ ဦးပေါက်စတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် လေ့လော့်အားကစားနည်း ကနူး/ကယက် လေးယောက်တွဲပြိုင်ပွဲမှ မောင်မြင့်ကိုကို၊ မောင်ထက်ဝေလွင်၊ မောင်စောမိုးအောင်၊ မောင်ထွန်းမင်းသန့်၊ မောင်အောင်မျိုးသူ၊ ဘီလီယက်နှင့်စနူကာအားကစားနည်း နှစ်ယောက်တွဲ ပြိုင်ပွဲမှ ဦးပေါက်စ၊ မောင်စည်သူထွန်း၊ သေနတ်ပစ်အားကစားနည်း နှစ်ယောက်တွဲပြိုင်ပွဲမှ မောင်ရဲထွန်းနောင်၊ မချစ်စိုးနွယ်၊ ဝူရှူးအားကစားနည်းမှ မစန္ဒီဦးနှင့် မစုလှိုင်ဝင်းတို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ တွဲဘက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် တပ်မတော်အရာရှိကြီးများက ဗိုဗီနမ်အားကစားနည်း၊ ဝူရှူးအားကစားနည်း၊ ကာယဗလအားကစားနည်း၊ Kurash အားကစားနည်း၊ ဘီလီယက်/စနူကာအားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်း၊ ပီတန်းအားကစားနည်း၊ ဂျူဒိုအားကစားနည်း၊ ပြေးခုန်ပစ်အားကစားနည်း၊ သေနတ်ပစ်အားကစားနည်း၊ ကနူး/ကယက် အားကစားနည်း၊ တိုက်ကွမ်ဒို အားကစားနည်း၊ အပြည်ပြည်ဆိုင်ရာ လေ့လော့်အားကစားနည်း၊ လက်ဝှေ့အားကစားနည်း၊ မြားပစ်အားကစားနည်း၊ အလေးမအားကစားနည်းတို့တွင် ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများ ကိုယ်စား ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ် (၁)ခု ရရှိသော ဗိုဗီနမ်အားကစားသမား မမေဟန်နီအောင်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

နိုင်ငံတော်အနေဖြင့်လည်း ပြိုင်ပွဲဝင် အားကစားသမားများ၏ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုများကို အသိအမှတ်ပြုသည့် အနေဖြင့် လေ့ကျင့်နေစဉ်ကာလအတွင်း တာဝန်ရှိသူများက မကြာခဏ ကြည့်ရှုအားပေးခဲ့သကဲ့သို့ ပြိုင်ပွဲ မသွားရောက်မီ အောင်နိုင်ရေးအလံ အပ်နှင်းသည့် အခမ်းအနားတွင်လည်း အားကစားသမားတစ်ဦးလျှင် ငွေကျပ်(၂)သိန်းနှင့်ဒေါ်လာ(၂၀၀)နှုန်း၊ နည်းပြ တစ်ဦးလျှင် ငွေကျပ်(၁)သိန်းနှင့်ဒေါ်လာ(၁၀၀)နှုန်းစီ ချီးမြှင့်ပြီး အားကစားသမားများ၏ စိတ်ဓါတ်ကို မြှင့်တင်ပေးခဲ့သည်။ ထို့အပြင် ထပ်ဆောင်းချီးမြှင့်မှုအဖြစ် အားကစားပြိုင်ပွဲကျင်းပနေစဉ်အတွင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ဒေါ်လာ(၃၀၀၀)၊ ငွေတံဆိပ်ရရှိခဲ့သူများကို ဒေါ်လာ(၂၀၀၀)၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ဒေါ်လာ(၁၀၀၀)၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ရရှိခဲ့သူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ(၁၀၀၀)၊ ငွေတံဆိပ်ရရှိခဲ့သူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ(၇၅၀)၊ ကြေးတံဆိပ်ရရှိခဲ့သူများကို အားကစားသမားတစ်ဦးလျှင် ဒေါ်လာ(၅၀၀) နှင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းတို့ကိုလည်း ဒေါ်လာတစ်သိန်း ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်

နေပြည်တော်၊ ဇွန်လ(၆)ရက်။

၂၀၂၂ခုနှစ်၊(၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ သက်သက်ခိုင်နှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဦးသန်းအောင်ကျော်၊ ဦးစန်းလွင်၊ ဦးအေးထွန်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်၊ ဦးဇော်အေးမောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်ကျော်စိုးနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။












အခမ်းအနားကို ယနေ့ မွန်းလွဲ (၁၄း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးချစ်နိုင်၊ ဦးကိုကို၊

ယနေ့ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅၂)ကီလိုတန်းပြိုင်ပွဲတွင် လမင်းကိုကို (ရန်ကုန်တိုင်းဒေသကြီး) မှ အေးကိုဇင်(ကရင်ပြည်နယ်)ကို လည်းကောင်း၊ အမျိုးသား (၆၄)ကီလိုတန်းပြိုင်ပွဲတွင် အောင်စိုးမိုး(မန္တလေးတိုင်းဒေသကြီး)မှ ဌေဝေယံဖြိုး (နေပြည်တော်)ကိုလည်းကောင်း၊ အမျိုးသား(၆၉)ကီလိုတန်းပြိုင်ပွဲတွင်

စာမျက်နှာ(၉)သို့

**စာမျက်နှာ(၈)-နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ (၄၈)ကြိမ်မြောက်··မှ အဆက်**

ကျော်စွာထွန်း(မန္တလေးတိုင်းဒေသကြီး)မှ သက်ဝေ(ကရင်ပြည်နယ်)ကိုလည်းကောင်း၊ အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် အောင်သူ (မန္တလေးတိုင်းဒေသကြီး)မှ စောဂလယ်ထွန့် (ကရင်ပြည်နယ်)ကိုလည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲတွင် မြင့်ရတနာစံ(တနင်္သာရီ တိုင်းဒေသကြီး)မှ ထန်နွမ်းကိမ် (မန္တလေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်း ပြိုင်ပွဲတွင် သင်းသင်းခိုင်(မကွေးတိုင်းဒေသကြီး)မှ ပန်းအိဖြူ(စစ်ကိုင်းတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသမီး (၅၇)ကီလိုတန်းပြိုင်ပွဲတွင် ထက်ထက်ဝင်း(တနင်္သာရီတိုင်းဒေသကြီး)မှ ပြည့်ပြည့်ဝင်း(စစ်ကိုင်းတိုင်းဒေသကြီး)ကို လည်းကောင်း၊ အမျိုးသမီး(၆၀)ကီလိုတန်း ပြိုင်ပွဲတွင် မူစိန်မြ(ရှမ်းပြည်နယ်)မှ နင်းသီရိစံ(မွန်ပြည်နယ်)ကို လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြပါသည်။



ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား(၅၂)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်မှ လည်းကောင်း၊ အမျိုးသား(၆၄)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်မှလည်းကောင်း၊ အမျိုးသား(၆၉)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း၊ အမျိုးသား (၇၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆု ရရှိကြသူများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုမှ လည်းကောင်း၊ အမျိုးသမီး(၄၅)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်မှလည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းမှ လည်းကောင်း၊ အမျိုးသမီး(၅၇)ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးမှ လည်းကောင်း၊ အမျိုးသမီး(၆၀) ကီလိုတန်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆု ရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်မှလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။





ဆက်လက်၍ အမျိုးသား အကောင်းဆုံးအားကစားသမားဆုနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသွားသည့် ရှိုင်းငယ် (ရှမ်းပြည်နယ်)နှင့် သင်းသင်းခိုင် (မကွေးတိုင်းဒေသကြီး)တို့ကိုနိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်မှ ဆုဖလားနှင့် ငွေသားဆု(၁)သိန်းကျပ်စီကိုလည်းကောင်း၊ ရွှေတံဆိပ်(၃)ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသွားသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးမောင်းဟာမှလည်းကောင်း၊ ရွှေတံဆိပ်(၅)ခု၊ ကြေးတံဆိပ်(၁)ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းရရှိသွားသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်မှ လည်းကောင်း၊ ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၂)ခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်မှလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများအသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

■

# နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော်၊ ဇွန်လ (၁၀)ရက်။

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်ပြည်နယ်/တိုင်းဒေသကြီးများမှ ထူးချွန် ထက်မြက်သည့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများပေါ်ထွက်လာစေ ရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် (၉း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသော မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးမင်းသိန်း၊ ဒေါက်တာ သက်သက်ခိုင် နှင့် ဒေါက်တာ ဌေးအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသန်းအောင်ကျော်၊ ဦးစန်းလွင်၊ ဦးမြင့်စိုး၊ ဦးအောင်မြိုင်နှင့် ဦးမျိုးလှိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်းကို ပြည်သူလူထုအတွင်း တစ်နှစ်ထက်တစ်နှစ် စိမ့်ဝင်တိုးတက်လာစေပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရန်နှင့် မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်လာစေရေးတို့အတွက် ယခုကဲ့သို့ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ခြင်းလုံးခတ်ကစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ရိုးရာအားကစားနည်းဖြစ်သည့်အပြင် ပြည်သူများ လက်







စာမျက်နှာ(၁၁)သို့





# 31st SEA GAMES JUDO & KURASH ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် နည်းပြများအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

နေပြည်တော်၊ ဇွန်လ (၁၂)ရက်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုနှင့်ကူရတ်အားကစားနည်းများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် နည်းပြများအား မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ(၆)နာရီတွင် နေပြည်တော် ရတနာသိဃ်ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဆုရအားကစားသမားများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။









စာမျက်နှာ(၁၀)- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ...မှ အဆက်

လှမ်းမှီပြီး လွယ်ကူစွာကစားနိုင်သော အားကစားနည်းဖြစ်ပါကြောင်း၊ ခြင်းလုံးခတ်ကစားနည်းသည် ခန္ဓာကိုယ်တစ်ခုလုံးလှုပ်ရှားမှုရှိပြီး ကိုယ်ခန္ဓာပိုင်းအချိုးညီစွာ သန်မာလာစေနိုင်သည့်အပြင် ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုသည့် အားကစားနည်းလည်းဖြစ်ပါကြောင်း၊ "အပေးအယူ ချစ်ကြည်ဖြူ ခြင်းမူစာဂမျှစိတ္တ" ဆိုသည့် ခြင်းလုံးအားကစားဆောင်ပုဒ်အတိုင်း ခြင်းလုံးအားကစားနည်းသည် ခြင်းဝိုင်းအတွင်း ကစားသူအချင်းချင်း အပေးအယူမျှတတဲ့စိတ်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ဖြူတဲ့စိတ်၊ တရားမျှတတဲ့စိတ်များ မွေးမြူဖော်ဆောင်ပြီးကစားရသည့် အားကစားနည်းတစ်ခုလည်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းဖြင့် အောင်မြင်မှုရရှိစေရန်အတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများအနေဖြင့် ဆထက်ထမ်းပိုးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲမှ တစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓါတ်တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓါတ် ရှင်သန်ထက်မြက်ရေးခြင်းလုံးအားကစားနည်းပိုမိုရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထူးချွန်သော ရိုးရာခြင်းလုံးအားကစားသမားများ ပေါ်ပေါက်လာစေရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက်နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများမှ အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး ယနေ့ပြိုင်ပွဲဝိုင်းဖွဲ့ခြင်းလုံးခတ်(အမျိုးသမီး)ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ်မှ သရုပ်ပြခြင်းလုံးခတ်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြပါသည်။

■


















အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆု ဆုတံဆိပ်များ ရယူ ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ မိမိနိုင်ငံ၊ မိမိ လူမျိုးအတွက် ဂုဏ်သိက္ခာအဆင့် အတန်းကို မြှင့်တင်ပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာ့လက်ရွေးစင်ဂျူဒိုနှင့် ကူရတ်အသင်းအနေဖြင့် စတင်စခန်း သွင်းချိန်မှစ၍ နိုင်ငံတော်အစိုးရနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ ပံ့ပိုးကူညီအားပေးမှု၊ အုပ်ချုပ်/နည်းပြများ၏ လေ့ကျင့်ကြပ်မတ်ကွပ်ကဲနိုင်မှု၊ အားကစားသမားများ၏ စုစည်းလေ့ကျင့်မှုများ ကောင်းမွန်မှုတို့ကြောင့် ယခုလို အောင်မြင်မှုများကို ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂျူဒိုအားကစားနည်းဖြင့် ငွေတံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၂)ခုရရှိခဲ့ပြီး ကူရတ်အားကစားနည်းဖြင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၂)ခု ရရှိခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှများစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှ ရွှေတံဆိပ်(၉)ခု ရရှိခဲ့ပြီး ကူရတ်အားကစားနည်းမှ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ရယူ ပေးနိုင်ခဲ့သည့်အတွက်လည်း ထပ်မံချီးကျူးဂုဏ်ပြုပါကြောင်း၊ အားကစားသမားများ အနေဖြင့် နောင်လာမည့် နိုင်ငံတကာအားကစား ပြိုင်ပွဲများတွင် ယခုထက်ပိုမို အောင်မြင်မှု ဆုတံဆိပ်များ ရရှိရေးအတွက် အလေးအနက်ထားပြီး ဆက်လက်ကြိုးစား ယှဉ်ပြိုင်သွား ကြစေလိုကြောင်း ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဂျူဒိုနှင့်ကူရတ် အားကစားနည်းများမှ ဆုတံဆိပ်များရယူ ပေးနိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်







နေပြည်တော်၊ ဇွန်လ (၁၃)ရက်။

မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ခုနှစ်၊ (၄၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းနားကို ယနေ့ နံနက်(၉)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော

စာမျက်နှာ(၁၄)သို့










ပြည်ထောင်စုဝန်ကြီးများက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုနှင့်ကူရတ်အားကစားနည်းများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့ကြသည့် အားကစားသမားများနှင့်နည်းပြများအား ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျူဒိုနှင့်ကူရတ်အားကစားနည်းများ၌ နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆု(၁)ခု၊ ငွေတံဆိပ်ဆု(၃)ခုနှင့် ကြေးတံဆိပ်ဆု(၄)ခု ရယူပေးခဲ့ပြီး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲ (ဂ)ကြိမ်စလုံးတွင် ရွှေတံဆိပ်ဆု(၁၁)ခု၊ ငွေတံဆိပ်ဆု(၂၆)ခုနှင့် ကြေးတံဆိပ်ဆု(၁၉)ခုကို ရယူနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

♣















စာမျက်နှာ(၁၃)- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး••မှ အဆက်

မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် ဒေါက်တာ ဗညား အောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးနှင့် ဒေါက်တာငွေအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို အနိုင်ရရှိသွားပါသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပ ပြုလုပ်ခဲ့ရာ အမျိုးသမီးပြိုင်ပွဲတွင် အတိုးတက်ဆုံးဆု ရရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအသင်းနှင့် ရှောဝတီတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးလှငွေးမှ လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင်အတိုးတက်ဆုံးဆု ရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအသင်းတို့အား မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်မှ လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် နစ်သိမ့်ဆုရရှိခဲ့သည့် ရခိုင်ပြည်နယ်အသင်းအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

>>











ဒေါက်တာဌေးအောင်မှလည်းကောင်း၊ ပြိုင်ပွဲတွင် တက်သစ်စ အားကစားသမားဆုရရှိခဲ့ကြသူများကို နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ စိုက်ပျိုးရေး/မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးတို့မှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ နှစ်သိမ့်ဆုရရှိခဲ့ကြသော ရောဝတီတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအသင်းတို့အား ငွေသားဆုကျပ်(၁)သိန်းစီနှင့် အမျိုးသမီး(၄)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မန္တလေးတိုင်း ဒေသကြီးအသင်းအား ငွေသားဆုကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကျပ်(၁၀)သိန်း၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းအား ငွေသားဆုကျပ်(၇)သိန်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးမှ ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသား(၆)ပေါက်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ငွေသားဆုကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကျပ်(၁၀)သိန်း၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းအား ငွေသားဆုကျပ်(၇)သိန်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်မှ ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးဆုရရှိသော အေးအေးသန်း(မန္တလေးတိုင်း ဒေသကြီး)နှင့် အမျိုးသား အကောင်းဆုံးဆုရရှိသော ဇော်ဝင်းမောင် (ရန်ကုန်တိုင်းဒေသကြီး)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ဦးမောင်းဟာတို့မှ ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁)သိန်းစီအားလည်းကောင်း၊အမျိုးသားတံခွန်စိုက်ဒိုင်းနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးခင်မောင်ဆွေတို့မှ တံခွန်စိုက်ဒိုင်းဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ 31st SEA Games ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် တိုက်ကွမ်ဒိုအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်

နေပြည်တော်၊ ဇွန်လ(၁၄)ရက်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်းမှ ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် နည်းပြများအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေ(၆း၀၀)နာရီအချိန်တွင် နေပြည်တော်၊ ရတနာသိယံဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ စောဒယ်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်၊ ညွှန်ကြားရေးမှူးများ၊ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။







အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံမှ ဂုဏ်ပြု အမှာစကားပြောကြားရာတွင် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအနေဖြင့် စတင် စခန်းသွင်းချိန်ကစပြီး နိုင်ငံတော်အစိုးရ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ ပံ့ပိုး ကူညီအားပေးမှု၊ အုပ်ချုပ်/နည်းပြများ၏ လေ့ကျင့်ကြပ်မတ်ကွပ်ကဲနိုင်မှု၊ အားကစားသမားများ၏ စုစည်း လေ့ကျင့်မှုများ ကောင်းမွန်မှု၊ တစ်ဖက်နိုင်ငံအသင်းများ၏ အားနည်းချက်အားသာချက်များကိုသိရှိပြီး အုပ်ချုပ်သူများမှ မိမိအားကစားအဖွဲ့အတွက် ပြင်ဆင်သုံးသပ်ပြီး ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့ကြောင့် ယခုလို အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအသင်းအနေဖြင့် "က"ကွက်နှင့် အတိုက်ပြိုင်ပွဲများတွင် အားကစားသမားစုစုပေါင်း(၁၂)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အတိုက်ပြိုင်ပွဲတွင် အားကစားသမား(၄)ဦးမှာ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၃)ခု၊ စုစုပေါင်းဆုတံဆိပ် (၄)ခုရရှိခဲ့သည့်အတွက်ကြောင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ မှတ်တမ်းတင် ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အနေဖြင့် နိုင်ငံတော်အတွက် ဆုတံဆိပ်များ စဉ်ဆက်မပြတ် ရယူပေးသည့်အတွက်ကြောင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ ယနေ့ မျက်မှောက်ကာလတွင်ထူးချွန်ထက်မြက်သောအားကစားသမားများ ထွက်ပေါ်လာစေဖို့အတွက် နိုင်ငံတော်အနေနဲ့အားကစား ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့်အပြင် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလို အောင်ပွဲရအားကစားသမားများကို မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်၊ ပြည်သူလူထု၊ စေတနာရှင်များ၊ လုပ်ငန်းရှင်များ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများမှ အားပေးချီးမြှောက်မှုများကို တုံ့ပြန်သောအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများမှနောင်လာမည့်နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယခုထက်ပိုမို အောင်မြင်မှုဆုတံဆိပ်ရရှိနိုင်ရန် အလေးအနက်ထားကြိုးစားအားထုတ်ယှဉ်ပြိုင်သွားကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက်မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်မှ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်နိုင်ငံတော်အတွက်တိုက်ကွမ်ဒိုအားကစားနည်းမှ ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။
















အစီအစဉ်အရ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် (-၄၉ ကီလိုတန်း) အတိုက်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသော မဒေစီဦးဂျူးလိယက်ကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမန်းငြိမ်းမောင်မှလည်းကောင်း၊ (-၆၃ ကီလိုတန်း) အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော မောင်ဇော်လင်းထက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်မှလည်းကောင်း၊ (-၈၇ ကီလိုတန်း) အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော မောင်ကျော်မင်းနိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဦးစောဒန်နီယယ်မှလည်းကောင်း၊ (-၈၀ ကီလိုတန်း) အတိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော မောင်ထက်ဇော်လင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးမှလည်းကောင်း၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့အုပ်ချုပ်/နည်းပြ အဖွဲ့ဝင်များ ကိုယ်စား အုပ်ချုပ်သူ ဒေါ်ဝါဝါထွန်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း ဂုဏ်ပြုဆုငွေများကို အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဆုရအားကစားသမားများကိုယ်စား ငွေတံဆိပ်ဆု ရရှိသော မဒေစီဦးဂျူးလိယက်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသော အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ စုစုပေါင်းဂုဏ်ပြုဆုငွေ ကျပ်(၈၅)သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

♣

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်









● နေပြည်တော်၊ ဇွန်လ (၁၅)ရက်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြှင့်တင်ရေး၊ ဒေသအသီးသီးရှိ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ "၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနား"ကို ယနေ့ နံနက် (၉:၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသောမန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၊ ဒေါက်တာငွေအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုက်ကွမ်ဒိုအားကစားနည်းသည် မြန်မာလူမျိုးတို့၏ ဗီဇ၊ စိတ်ဓါတ်နှင့် ကိုက်ညီပြီးလူတန်းစားအလွှာအသီးသီးနှင့် စာသင်ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှား ကစားကြသော လူကြိုက်များသည့် အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ ကိုယ်ခံပညာအားကစားနည်းတစ်ရပ်ဖြစ်သည့် တိုက်ကွမ်ဒိုအားကစားနည်းသည် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုး တိုးတက်စေသည့်အပြင်စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု နှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုစသည့် လူ့ကျင့်ဝတ်သိက္ခာများ တိုးတက်မှုတို့ကို များစွာ အထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ စည်းရုံးဆောင်ရွက်မှုများကြောင့် နှစ်အနည်းငယ်အတွင်း ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့တာကို တွေ့ရှိရပါကြောင်း၊ မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒို အားကစားသမားများသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများသာမက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း ထိုးဖောက်အောင်မြင်ခဲ့ပြီး 31st SEA Games ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခုနှင့် ကြေးတံဆိပ်(၃)ခု ရရှိခဲ့ပါကြောင်း၊ ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အနိုင်မခံအရှုံးမပေးဘဲ နောက်ဆုံးချိန်အထိ ရောက်န

>>>

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတက်ရောက်

နေပြည်တော်၊ ဇွန်လ(၁၇)ရက်။

"၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား"ကို ယနေ့ မွန်းလွဲ(၂း၀၀)နာရီ တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးမြင့်ကြိုင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ဦးမင်းသိန်းဇံ၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုး ထွဋ်၊ ဦးစန်းလွင်၊ ဦးအောင်ကျော်ထွန်း၊ ဒေါက်တာအောင်ဇေယျနှင့် ဦးသန့်စင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစား သမားများ၊ ဌာနခွဲများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ယနေ့ တတိယနေ့ပွဲစဉ်များ အဖြစ် အမျိုးသား(၅၄-၅၈)ကီလိုတန်း၊ အမျိုးသား (၄၆-၅၀)ကီလိုတန်း၊ အမျိုးသား (၆၃-၆၈)ကီလိုတန်း၊

စာမျက်နှာ(၂၀)သို့











>>

ရေခမ်း ကြိုးစား ယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ ဒိုင်လူကြီးများမှ ဘက် လိုက်မှု ကင်းရှင်းပြီး တရားမျှတ မှန် ကန်စွာ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများ အတိုင်း ဆုံးဖြတ်ဆောင်ရွက်သွားကြ ရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန် ထူးကဲစွာ အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အား ကစားသမားများအနေနှင့် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ ကိုယ်စားပြုသည့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအနိုင်ရရှိစေရေး၊ အားကစား စိတ်ဓါတ်အပြည့်အဝဖြင့် အသန့်ရှင်း ဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည် နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှ တစ်ဆင့် နိုင်ငံတော်က အားထားရ သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာ အောင် ကြိုးစားသွားကြရန် တိုက်တွန်း ပြောကြားခဲ့ပါသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒိုအသင်းလိုက် (အမျိုးသား/ အမျိုးသမီး) "က"ကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှု အားပေးခဲ့ကြပါသည်။

■

အမျိုးသမီး(၄၀-၄၃)ကီလိုတန်းနှင့် အမျိုးသမီး(-၄၀)ကီလိုတန်းပြိုင်ပွဲများ ကျင်းပပြီး၊ ပြိုင်ပွဲများအပြီးတွင် ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ အမျိုးသား(၇၄-၈၀) ကီလို ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ပို့ဆောင်ရေးနှင့်ဆက် သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းမှလည်းကောင်း၊ အမျိုးသမီး(၆၇-၇၃)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆု ရရှိကြသူများကို နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်မှ လည်းကောင်း၊ အမျိုးသမီးအသင်း လိုက်သုံးယောက်တွဲ "က"ကွက်ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယ ဆုရရှိကြသူများကို အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းမှ လည်းကောင်း၊ အမျိုးသား(၄၆-၅၀) ကီလို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို သိပ္ပံ နှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု

















ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆုရရှိကြသူများကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျမှလည်းကောင်း၊ အမျိုးသမီး (+၇၃)ကီလိုပြိုင်ပွဲတွင် ရရှိကြသူများကို ဥပဒေရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးစန်းလွင်မှ လည်းကောင်း၊ အမျိုးသားအသင်းလိုက် သုံးယောက်တွဲ "က"ကွက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု လူငယ် ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မှလည်းကောင်း၊ အမျိုးသား(၅၄-၅၈) ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆု ရရှိကြသူများကို ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်မှ လည်းကောင်း၊ အမျိုးသမီး(၄၀-၄၃) ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ နှင့် ပူးတွဲတတိယဆု ရရှိကြသူများကို









အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်မှ လည်းကောင်း ဆုတံဆိပ် နှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်ပြီး အမျိုးသား(၆၃-၆၈)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲ တတိယဆု ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် အမျိုးသမီး(-၄၀)ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်ပူးတွဲတတိယဆုရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးတို့မှ ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသား အကောင်းဆုံး အားကစားသမားဆုရရှိသည့် ရှိုင်းရဝေဖြိုး(ရောဝတီ)နှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမား ဆုရရှိသည့် ထူးသဉ္ဇာအောင် (ရန်ကုန်)တို့အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်မှ ဆုတံဆိပ်နှင့်ငွေသားဆုကျပ်(၁)သိန်းစီအားလည်းကောင်း၊ ရွှေ(၆)ခု၊ ငွေ(၂)ခုနှင့်ကြေး(၃)ခုတို့ဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်မှလည်းကောင်း၊ ရွှေ(၇)ခု၊ ငွေ(၃)ခုနှင့်ကြေး(၂)ခုတို့ဖြင့်အမျိုးသား တံခွန်စိုက်ဒိုင်းရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်မှလည်းကောင်း၊ စုစုပေါင်းရွှေ(၁၃)ခု၊ ငွေ(၅)ခုနှင့် ကြေး(၅)ခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်မှလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိပါသည်။

■

**အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်**
**လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။**

# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် ပြေးခုန်ပစ်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော်၊ ဇွန်လ(၄)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်းမှ ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် နည်းပြများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပ ပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းမှ ကျေးဇူးတင်စကား ပြောကြားပြီးနောက် ဂုဏ်ပြုဆုများ ဆက်လက်ချီးမြှင့်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု

>>













# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားနည်းသင်တန်း အမှတ်စဉ်(၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော်၊ ဇွန်လ(၈)ရက်။

အမိန့်နာခံတတ်ပြီးစည်းကမ်းကောင်းမွန်သော နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် သေနတ်ပစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်နှင့် တပ်မတော်သေနတ်ပစ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်း သင်တန်းအမှတ်စဉ်(၂/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉း၀၀)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်သေနတ်ပစ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်နှင့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းမှ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။





အစီအစဉ်အရ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများမှ တစ်ဦးချင်း မိတ်ဆက် ဂါရဝပြုပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း၊ တပ်မတော် (ကြည်း/ရေ/လေ) သေနတ်ပစ်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်များနှင့် ကင်းကွာနေသော သေနတ်ပစ် အားကစားသမားများအား အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်များ၊ နည်းစနစ်၊

စာမျက်နှာ(၂၄)သို့





▶▶

ဝန်ကြီး ဦးမင်းသိန်းဇံက မီတာ (၁၀၀၀၀)အပြေးပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရ မခင်မာဆယ်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း(၅၀)အား လည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ကီလိုမီတာ(၂၀) လမ်းလျှောက်ပြိုင်ပွဲ၌ငွေတံဆိပ်ဆုရ မဇင်မေထက်အား ဂုဏ်ပြုဆုချီးမြှင့်ငွေ ကျပ်သိန်း(၅၀)အားလည်းကောင်း၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက နည်းပြအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ဆုရအားကစားသမား(၂)ဦးနှင့် အသင်းအုပ်ချုပ်သူတို့မှ ကျေးဇူးတင်စကားပြောကြားပြီးနောက် ပြေးခုန်ပစ်အားကစားအဖွဲ့အား ၂၀၁၉ ခုနှစ်မှ ယနေ့အထိ လှူဒါန်းပေးခဲ့သော အလှူရှင်များအား အားကစားနှင့်လူငယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ ■







စာမျက်နှာ(၂၃)- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ အပြည်ပြည်ဆိုင်ရာ ••မှ အဆက်

နည်းပညာများ၊ ပြိုင်ပွဲလုပ်ငန်းစဉ်များ၊ စည်းကမ်းများနှင့် ပြစ်ဒဏ်များအား သိရှိစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများတွင် သေနတ်ပစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင် နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ အိုလံပစ် အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားအပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ များစွာ ပေါ်ထွက်ခဲ့သည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါကြောင်း၊ "အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အားကစားနည်းများစွာထဲမှ သေနတ်ပစ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရန် ပိုမိုလက်တွေ့ကျထိရောက်မည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာသော သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပြသလိုက်သော သင်ခန်းစာများကို နားလည် သဘောပေါက်ကျွမ်းကျင်စွာဖြင့် လေ့လာသင်ယူကြပြီး မိမိတို့ တိုင်း/တပ်မဌာနချုပ်များသို့ ပြန်လည် ရောက်ရှိပါက အပြည်ပြည်ဆိုင်ရာပစ်ခတ်စဉ်နည်းများ ပြန့်ပွားအောင် သင်ကြားပေးရန် လိုအပ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမားများနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့ပြီး သင်တန်းသားများနှင့် စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အားကစားနည်း သင်တန်းအမှတ်စဉ်(၂/၂၀၂၂)ကို ဇွန်လ(၈)ရက်နေ့မှ (၁၄)ရက်နေ့အထိ အောက်မြန်မာပြည်ရှိ တိုင်း/တပ်မဌာနချုပ်များမှ သင်တန်းသား(၄၃)ဦးဖြင့် ဖွင့်လှစ်သင်ကြားပြသမည်ဖြစ်ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်ဝန်ထမ်းများအပေါ် ကျောသားရင်သားမခွဲခြားဘဲ အားလုံးကို တန်းတူညီမျှဆက်ဆံပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဆိုသည့်အတိုင်း မိမိတို့ဌာန တိုးတက်အောင်မြင်စေရန်အတွက် ရုံးလုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓါတ်ဖြင့် စည်းလုံးညီညွတ်စွာ တစ်ဦးကိုတစ်ဦး အပြန်အလှန်ရိုင်းပင်း ကူညီသွားကြရန် လိုအပ်ကြောင်း၊ အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိအောင် ဗဟုသုတရရှိစေသော စာအုပ်စာပေများကို ဖတ်ကြရန်နှင့် နိုင်ငံတကာနှင့်ပြောဆို ဆက်ဆံရာတွင် ဘာသာစကားကျွမ်းကျင်ရန် လိုအပ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာပညာရပ်များကိုလည်း သင်ယူလေ့လာထားကြရန် လိုအပ်ကြောင်း၊ လူငယ်ရေးရာဦးစီးဌာနသည် ဌာနအသစ်ဖြစ်သည့်အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေးတင်ပြနိုင်ကြောင်း၊ ရာထူးတိုးများ ခေါ်ဆိုချိန်တွင် အရည်အချင်းပြည့်မီစေရန်အတွက် မိမိတို့တွင်လိုအပ်သောပညာဝမ်းစာများကို အမြဲလေ့လာ ဆည်းပူး ဖြည့်တင်းထားကြရန် လိုအပ်ကြောင်း၊ ယခုကာလသည် ရာသီကူးပြောင်းသည့်ကာလဖြစ်သည့်အတွက်မိမိနှင့်မိသားစု၏ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည့် အခက်အခဲများရှိပါက တင်ပြနိုင်ပြီး ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။ ●

**" အားကစားစိတ်ဓာတ် "**

အားကစားလေ့ကျင့်ရာ၌လည်းကောင်း၊အားကစားယှဉ်ပြိုင်ရာ၌လည်းကောင်း၊ ပွင့်လင်းမှု၊ ရိုးသားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှုအစရှိသည်တို့ အမြဲရှိထားရပါမည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတက်ရောက်

နေပြည်တော်၊ ဇွန်လ(၁၄)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၂ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် (၉း၀၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနခွဲများမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

သစ်ပင်စိုက်ပျိုးပွဲ၌ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးတို့က စိန်တလုံးသရက်ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ သတ်မှတ်နေရာများတွင် စိန်တလုံး သရက်ပျိုးပင်(၆၀၀)ခန့် စိုက်ပျိုးခဲ့ကြပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများက ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် ၂၀၂၂ခုနှစ်၊ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ်(၁)၌ ဆက်လက် ကျင်းပ ပြုလုပ်ခဲ့ရာ














စာမျက်နှာ(၂၆)သို့















စာမျက်နှာ(၂၅)- အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ••မှအဆက်

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးတို့က ငါးမြစ်ချင်းသားပေါက်များကို ဦးဆောင် ငါးမျိုးစိုက် ထည့်ပေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာအရာထမ်း/အမှုထမ်းများက ဆက်လက်၍ ကန်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေ(၁၅၀၀၀)ခန့်ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ မွန်းလွဲ(၁း၀၀)နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရုံးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် သိပ္ပံကျောင်းများသင်ကြားမှု အခြေအနေများကို ဆွေးနွေးလိုသည့်အတွက် ယခု အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ တာဝန်ခံများအနေဖြင့် အားကစားကဏ္ဍနှင့် လူငယ်ရေးရာကိစ္စရပ်များကိုပါ ပူးတွဲဆောင်ရွက် သွားရန်လိုကြောင်း၊ လူငယ်ရေးရာနှင့် ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးများတွင် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများတွင် အားကစားပြိုင်ပွဲများကျင်းပသည့်အခါတွင် ဝန်ကြီးဌာနအမည်ကိုသာအသုံးပြုသွားရန်တာဝန်ခံညွှန်ကြားရေးမှူးများမှ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ လုံခြုံရေး အခြေအနေအရ ပြည်နယ်/တိုင်းဒေသကြီးပြိုင်ပွဲများကျင်းပ ပြုလုပ်ရာတွင် အထူးဂရုစိုက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်မှ သိပ္ပံကျောင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှု ကိစ္စအဝဝကို ထောက်ပံ့ပေးလျက်ရှိသည့်အတွက်သိပ္ပံကျောင်းသားများအား ရွေးချယ်မှုပြုလုပ်ရာတွင် အရည်အသွေးရှိသည့် သင်တန်းသားများကို စနစ်တကျ မှန်မှန်ကန်ကန် ရွေးချယ်ရန်လိုကြောင်း၊ ကျောင်းအုပ်ကြီးများမှ အားကစားတွင် အမှန်တကယ် အထောက်အပံ့ပေးနိုင်မည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားကောင်းတစ်ယောက် ဖြစ်လာ နိုင်စေရေးကို ရည်ရွယ်ပြီးအားကစားအခြေခံရှိသူများကို ဦးစားပေးအလေးထား ရွေးချယ်သွားရန် လိုကြောင်း၊ တာဝန်ခံညွှန်ကြားရေးမှူးများ နယ်မြေကွင်းဆင်းစစ်ဆေးရာတွင် အရည်အချင်းရှိပြီး Talent ရှိသည့် ကစားသမားများကို တွေ့ရှိပါက ဝန်ကြီးဌာနသို့ သတင်းပို့တင်ပြသွားရန်နှင့် ဌာနမှစိစစ်ပြီး Camp သွင်း လေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ အားကစားနည်းအလိုက် အားကစားသမားများ အာဟာရမျှတစေရေး၊ ပရိုတင်းဓါတ်ရရှိစေရေးနှင့် ကျန်းမာရေးအထောက်အကူပြုစေရန်အတွက် ကယ်လိုရီတွက်ချက်ပြီး အာဟာရပြည့်ဝအောင် ကျွေးမွေးသွားရန်လိုကြောင်း၊ သိပ္ပံကျောင်းအုပ်ကြီးများအနေဖြင့် မိမိကျောင်းမှ ထူးချွန်ထက်မြက်သည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ထွက်ပေါ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစား အားထုတ် ဆောင်ရွက်ရန် လိုကြောင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(Youth Camp)ရှိ ပြေးခုန်ပစ်နည်းပြများနှင့် တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော်၊ ဇွန်လ(၂၀)ရက်။

ပြေးခုန်ပစ်အားကစားနည်းမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စု



ဝန်ကြီးမှ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)ရှိ ပြေးခုန်ပစ် အားကစားနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားခြင်းကို ယနေ့မွန်းလွဲ(၃)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multi-purpose Hall ၌ ပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ Youth Camp မှတာဝန်ရှိသူများနှင့် ပြေးခုန်ပစ် အားကစားနည်းမှ နည်းပြများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားသမား



များကို အားကစားနည်း အလိုက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အတွက် နည်းပြများရှိရန် လိုအပ်ကြောင်း၊ အားကစား လောက ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ရာတွင် နည်းပြများ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ မိမိတို့၏လုပ်ငန်းတာဝန်များကို စိတ်ပါဝင်စားပြီး အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စေတနာ အပြည့်အဝထားပြီးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းကမ်းစနစ်ကျနစွာ ဆောင်ရွက်ရန်လိုကြောင်း၊ အားကစားသမားများကို နိုင်ငံ့ကိုယ်စားပြု မျိုးဆက်သစ် အားကစားသမားကောင်းများ ဖြစ်လာစေရန် စနစ်တကျ အချိန်မှန်မှန် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ နည်းပြများသည် ခေါင်းဆောင်ကောင်းပီသစွာဖြင့် မိမိကစားသမားများကို မိသားစုစိတ်ဓါတ်ဖြင့် ညီအစ်ကိုမောင်နှမသဖွယ် ပြုမူဆက်ဆံပြီး နည်းပြကောင်းတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော အရည်အချင်း အင်္ဂါရပ်များနှင့်အညီ အားကစားသမားများ လေးစား အတုယူ အားကျရသော နည်းပြကောင်းများအဖြစ် ပြုမူနေထိုင်သွားလာရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိအားကစားသမားများ၏ အားသာချက်/ အားနည်းချက်များကိုသိရှိထားပြီး ၎င်းတို့၏အရည်အသွေး တိုးတက်လာအောင် အကောင်းဆုံး လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် နည်းပြကောင်းမှ အားကစားသမားကောင်းများ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ အားကစား ကဏ္ဍနှင့် ပတ်သက်၍ ထိုက်သင့်သည့် ချီးမြှင့်မြှောက်စားမှုများ ပြုလုပ်ပေးလျက်ရှိသည့်အတွက် လာမည့် SEA Games တွင် ယခုထက် အောင်မြင်မှုများ ပိုမိုရရှိစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း၊ အားကစားသည် စိတ်ပိုင်းဆိုင်ရာနှင့် ဆက်နွှယ်နေသည့်အတွက် နည်းပြများမှ အားကစားသမားများအပေါ် ကျောသား ရင်သား မခွဲခြားဘဲ အားလုံးကို တန်းတူညီမျှ ဆက်ဆံရန်လိုကြောင်း၊ သို့မှသာ နည်းပြ နှင့် အားကစားသမားများ အချင်းချင်း အပြန်အလှန် ယုံကြည်လေးစားမှု ရရှိမှာဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမှ လေ့ကျင့်မှု(Training) များ ကောင်းမွန်စွာ ပြုလုပ်နိုင်မှာ ဖြစ်သည့်အတွက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် လိုကြောင်း၊ Youth Camp တွင် နည်းပြတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အချိန်မရွေးတင်ပြနိုင်ပြီး ဌာနအနေဖြင့် ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

●

>>

ညွှန်ကြားရေးမှူးများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် လိုကြောင်း၊ 31st SEA Games တွင် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အောင်မြင်မှု ဆုတံဆိပ်များကိုရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ နည်းပြများမှ အားကစားသမားများ ပြိုင်ပွဲများတွင် အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓါတ်ဖြင့် ရေကုန်ရေခမ်းကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမားကောင်း စိတ်များထားရှိစေရေး လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ ကိုဗစ်ကာလ ကျော်လွှန်ပြီဟု ယူဆရသည့်အတွက် ပြည်နယ်/တိုင်းဒေသကြီးများတွင် မျိုးဆက်သစ်ရှက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးရန် လိုကြောင်း၊ အားကစား နှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ ညွှန်ကြားရေးမှူးများအနေဖြင့် မိမိဌာနရှိ ဝန်ထမ်းများ၏ အားသာချက်/အားနည်းချက်များနှင့် ၎င်းတို့၏ ကျွမ်းကျင်မှုပညာရပ်များကို စိစစ်ပြီး မိမိဌာန အောင်မြင်တိုးတက်စေရေးအတွက်လုပ်ငန်းတာဝန်များကို စနစ်တကျ စီမံခန့်ခွဲပေးရန် လိုကြောင်း၊ ယခုအချိန်သည် ရာသီကူးပြောင်းသည့် ကာလဖြစ်သည့်အတွက် မိမိနှင့်မိသားစုများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အထူးဂရုစိုက် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ ဝန်ထမ်းခန့်ထားမှုအခြေအနေများ၊ သင်တန်းသားအသစ် ရွေးချယ်မှုဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်များ၊ အားကစားနည်းအလိုက် နည်းပြခန့်ထားမှုအခြေအနေများ၊ သိပ္ပံကျောင်းသားတက်ရောက်မှုအခြေအနေများနှင့် အထွေထွေကိစ္စရပ်များကို အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ ခြုံငုံသုံးသပ် ဆွေးနွေး စကားပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

နေပြည်တော်၊ ဇွန်လ (၂၃)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယ အမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ လိုက်ပါလျက် ယနေ့ နံနက်(၇း၀၀)နာရီ အချိန်မှစ၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် ပြေးခုန်ပစ်အားကစား ပြိုင်ပွဲများ ဖြစ်သော အမျိုးသား/ အမျိုးသမီး မီတာ(၁၀၀)၊ မီတာ(၈၀၀)၊ အလျားခုန်၊ သံလုံးပစ်၊ လက်ဆင့်ကမ်း မီတာ (၁၀၀×၄)နှင့် အမျိုးသား/ အမျိုးသမီး(Mix)လက်ဆင့်ကမ်းမီတာ (၁၀၀×၄)ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း

>>















(Youth Camp)မှ အားကစားသမားများ၏ ကြိုးစားယှဉ်ပြိုင် ကစားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားအား ကျင်းပပြုလုပ်ရာ ပြေးခုန်ပစ်အမျိုးသမီး မီတာ(၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ(၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ(၈၀၀) အပြေးပြိုင်ပွဲ နှင့် အမျိုးသားမီတာ



ဆက်လက်ကျင်းပပြုလုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် တိုက်ကွမ်ဒို အားကစားပြိုင်ပွဲ နှင့် ဂျူဒိုအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ တိုက်ကွမ်ဒို အားကစားပြိုင်ပွဲများဖြစ်သော အမျိုးသမီး(၄၅ဒသမ၅၃)ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၅၃ဒသမ၅၇) ကီလိုတန်းပြိုင်ပွဲ ၊ အမျိုးသမီး(၅၇









(၈၀၀)အပြေးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများကလည်းကောင်း၊ အမျိုးသမီး(အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသား(အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသမီး(သံလုံးပစ်)ပြိုင်ပွဲနှင့် အမျိုးသား(သံလုံးပစ်)ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ အမျိုးသမီး (လက်ဆင့်ကမ်းမီတာ၁၀၀×၄)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ လည်းကောင်း၊ အမျိုးသား (လက်ဆင့်ကမ်းမီတာ ၁၀၀×၄) ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ အမျိုးသား/အမျိုးသမီး (Mix) (လက်ဆင့်ကမ်းမီတာ ၁၀၀×၄)ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ လည်းကောင်း ငွေသားဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ(၁း၀၀)နာရီအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဒသမ၆၂) ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက လည်းကောင်း၊ အမျိုးသား(၆၃ဒသမ၆၈) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း "က" ကွက်ပြိုင်ပွဲနှင့် ဂျူဒိုအားကစားပြိုင်ပွဲများဖြစ်သော အမျိုးသမီး(-၅၂) ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို












အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ အမျိုးသမီး (-၅၇)ကီလို တန်းပတ်လည်ပြိုင်ပွဲနှင့် အမျိုးသမီး (-၆၃)ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး မှလည်းကောင်း၊အမျိုးသမီး(-၇၀)ကီလို တန်းပြိုင်ပွဲနှင့်အမျိုးသား(-၆၆)ကီလို တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ အမျိုးသား(-၇၃)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား(-၉၀)ကီလိုတန်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများ ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံမှလည်းကောင်း ငွေသားဆု များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အားကစား၏အကျိုးကျေးဇူးများ

(၁) ကျန်းမာခြင်း သုခမုချခံစားရမည်။

(၂) မိသားစု အားလုံး ကျန်းမာပျော်ရွှင်စေမည်။

(၃) လူငယ်/မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရမည်။

(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေရမည်။

(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်။

(၆) နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရမည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇွန်လ(၂၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် (ဂး၀၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် အားကစားကွင်းသို့ ရောက်ရှိပြီး ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ အားကစားရုံအတွင်း ခိုငှက်များ မဝင်စေရန်အတွက် ခိုငှက်များဝင်ရောက်နိုင်သည့် အပေါက်များကို သံဇကာများဖြင့် ပိတ်ထားရန် လိုအပ်ကြောင်း၊ အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့သို့ရောက်ရှိပြီး တောင်ငူအားကစား ခန်းမအသစ်အား ကြည့်ရှုစစ်ဆေးခဲ့ရာခန်းမအတွင်း ရေမတင်စေရန်နှင့် တန်ဖိုးကြီးသည့်အတွက် ရေရှည်တည်တံ့စေရေးနှင့် မပျက်စီးစေရန် စနစ်တကျ သေချာ

စာမျက်နှာ(၃၂)သို့





















စာမျက်နှာ(၃၂) …မှစာဆက်

ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း၊ ဆက်လက်ပြီး တောင်ငူမြို့နယ် အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမအား ကြည့်ရှုစစ်ဆေးခဲ့ရာ ခိုငှက်များမဝင်ရောက်နိုင်အောင် စနစ်တကျ ကာရံထားရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့ပြီး တောင်ငူခရိုင်နှင့်တောင်ငူမြို့နယ်မှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအားလုံး ကျန်းမာရေး အထူးဂရုစိုက်ကြရန်၊ ကျန်းမာမှလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဖြစ်သည့်အတွက် လူငယ်၊ လူရွယ်များ အသိဉာဏ် ဗဟုသုတများရရှိစေရေးအတွက် လူငယ်နှင့်ပတ်သက်ပြီး ဟောပြောပွဲများများ ပြုလုပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဟောပြောပွဲများမှတစ်ဆင့် လူငယ်များ အားကစားကို စိတ်ပါဝင်စားလာပြီး မိမိတို့ ဝါသနာပါသည့် အားကစားကို ပြုလုပ်ချင်စိတ်တွန်းအားများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျောသားရင်သားမခွဲခြားဘဲ တစ်ဦးနှင့်တစ်ဦး အထက်အောက်အပြန်အလှန်လေးလေးစားစားဖြင့် မိသားစု/ညီအစ်ကိုမောင်နှမသဖွယ် ကူညီဖေးမ၍ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ကြရန်လိုကြောင်း၊ ခေါင်းဆောင်သည် ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှုဆိုသည့်အတိုင်း လိုက်နာကျင့်သုံး၍ လက်အောက်ငယ်သားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးပြီး ခေါင်းဆောင်ကောင်း ပီသအောင် ပြုမူပြောဆို နေထိုင်ကြရန် လိုကြောင်း၊ ဝန်ထမ်းများအားလုံး ချစ်ချစ်ခင်ခင်ဖြင့် လုပ်ငန်းတာဝန်များ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန် လိုကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများ တင်ပြမှုများအပေါ် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်သို့ သွားရောက်၍ အုတ်တွင်းမြို့နယ် အားကစားကွင်း၊ ပွဲကြည့်စင်၊ မိုးလုံလေလုံ အားကစားရုံတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီးနောက် ဖြူးမြို့နယ် အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်း၊ ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံတို့အား ကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားရုံအတွင်းရှိ လက်ဝှေ့စင်ကြမ်းခင်းအား အသစ်ပြန်လည်မွမ်းမံပြင်ဆင်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးတိုင်းအားကစားကွင်း (၂၈ဒသမ ၇၉)ဧက အားကစားဥယျာဉ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး၍ ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံတည်ဆောက်လျက်ရှိသည့် မြေနေရာအား ကွင်းဆင်းလေ့လာ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီးနောက် ဆက်လက်၍ ဥသာမြို့သစ် ပဲခူးခရိုင် အားကစားကွင်း နှင့် ပွဲကြည့်စင်၊ အားကစားသမားအိပ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းရုံးမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအား ကျန်းမာရေးအထူးဂရုစိုက်ကြရန်၊ ဝန်ထမ်းအချင်းချင်း အထက်အောက် အပြန်အလှန်နှင့် ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားညှာတာ ဆိုသည့်အတိုင်း မိသားစု ညီအစ်ကို မောင်နှမသဖွယ် ကူညီဖေးမ၍ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

●

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ဆက်လက်၍ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇွန်လ(၂၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက်(၈း၀၀)နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများသို့ သွားရောက်၍ GYM အားကစားခန်းမ၊ စားပွဲတင်တင်းနစ် အားကစားခန်းမနှင့် တင်းနစ်အားကစားကွင်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးအားကစားခန်းမများ ရေရှည်တည်တံ့စေရေးနှင့် ပြည်သူများ အားကစားကို စိတ်လက်ပေါ့ပါးစွာ လာရောက်ကစားနိုင်စေရေးအတွက် သန့်ရှင်းရေး အမြဲတမ်းပြုလုပ်ဆောင်ရွက်ထားကြရန်နှင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သာယာဝတီမြို့နယ်မိုးလုံလေလုံအားကစားခန်းမနှင့် သာယာဝတီခရိုင် အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးအားကစားကွင်း စိမ်းလန်းစိုပြေစေရေးအတွက် ရေဖျန်းစနစ်များ အဆင်ပြေစေရေး ဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ပြေးလမ်းတွင် သဲခင်းရန်နှင့် ပွဲကြည့်စင်အား(အသစ်) ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

စာမျက်နှာ(၃၄)သို့





















စာမျက်နှာ(၃၃) ...မှ စာဆက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မြို့နယ် အားကစားကွင်းအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ရာ မိုးလုံလေလုံ အားကစားခန်းမအတွင်း ကြမ်းခင်းများ ပျက်စီးနေမှုအား အသစ်ပြန်လည် ပြုပြင်မွမ်းမံနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအားလုံး ကျန်းမာရေး အထူးဂရုစိုက်ကြရန်၊ ကျန်းမာမှ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်သည့်အတွက် လူငယ်၊ လူရွယ်များ အသိဉာဏ် ဗဟုသုတများ ရရှိစေရေးအတွက် လူငယ်နှင့် ပတ်သက်ပြီး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဟောပြောပွဲများမှတစ်ဆင့် လူငယ်များ အားကစားကို စိတ်ပါဝင်စားလာပြီး မိမိတို့ဝါသနာပါသည့် အားကစားကို ပြုလုပ်ချင်စိတ် တွန်းအားများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးစားမှုရှိပြီး မိသားစုစိတ်ဓာတ်ဖြင့် ကူညီဖေးမ၍ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ လက်အောက် ငယ်သားများ၏ အခက်အခဲများကိုကူညီဖြေရှင်းပေးပြီးခေါင်းဆောင်ကောင်း ပီသအောင် ပြုမူပြောဆို နေထိုင်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအားလုံး ချစ်ချစ်ခင်ခင်ဖြင့် လုပ်ငန်းတာဝန်များ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်ကြရန် လိုကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများ တင်ပြမှုများအပေါ် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး မင်းလှမြို့နယ် အားကစားကွင်း/အားကစားရုံများနှင့် အုတ်ဖိုမြို့နယ်အားကစားကွင်းများအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး အုတ်ဖိုမြို့နယ် ဘောလုံးကွင်း ပွဲကြည့်စင်အား အသစ်ပြန်လည် တည်ဆောက်ရန်နှင့် မိုးလုံလေလုံအားကစားခန်းမ ရေရှည်တည်တံ့စေရေး၊ အားကစားကွင်း/အားကစားရုံများသို့ ပြည်သူများ အားကစားကို စိတ်လက်ပေါ့ပါးစွာဖြင့် စိတ်အပန်းဖြေ လာရောက်ကစားနိုင်စေရေးအတွက် သန့်ရှင်းသပ်ရပ်မှုရှိအောင် အမြဲတမ်းပြုလုပ်ဆောင်ရွက်ထားကြရန် လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများအား ရေရှည်တည်တံ့ အသုံးပြုနိုင်စေရန်အတွက် စနစ်တကျ ထိန်းသိမ်းပြုပြင် စောင့်ရှောက်ကြရန် လိုကြောင်း၊ ခိုငှက်များ မဝင်ရောက်နိုင်အောင် ဝင်ရောက်နိုင်သည့်နေရာများကို စနစ်တကျ ကာရံထားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ်နှင့်ဇီးကုန်းမြို့နယ်တို့မှ အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမတို့အားလိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီးကြို့ပင်ကောက်မြို့နယ် အားကစားကွင်းအတွင်းရှိ ဘောလုံးပွဲကြည့်စင်အား အသစ်ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ဇီးကုန်းမြို့နယ် အားကစားကွင်းအားလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများတွင် အများပြည်သူ လာရောက်ကစားနိုင်ရေးအတွက် အားကစားပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နတ်တလင်းမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး နတ်တလင်းမြို့နယ် အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်မည့် မြေနေရာတို့အားလည်းကောင်း၊ ပေါင်းတည်မြို့နယ် မိုးလုံလေလုံအားကစားရုံနှင့် ဘောလုံးကွင်းတို့အားလည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး၊ ပေါင်းတည်မြို့နယ် ဘောလုံးကွင်း Goal Score Board အား အသစ်ပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ ရေဖျန်းစနစ် ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ဆက်လက်၍ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇွန်(၂၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်(၇း၀၀)နာရီအချိန်မှစတင်၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်ဘောလုံးအားကစားကွင်းနှင့်ပွဲကြည့်စင်အားလည်းကောင်း၊ ပြည်ခရိုင် အားကစားခန်းမနှင့်ဘောလုံး အားကစားကွင်းတို့အားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်ခရိုင်ဘောလုံးအားကစားကွင်းတွင် ပွဲကြည့်စင်နှင့် Inter Fencing တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည် တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီးနောက် ပြည်ခရိုင်နှင့် ပြည်မြို့နယ်တို့ မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ဝန်ထမ်းများအား မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံ

စာမျက်နှာ(၃၆)သို့














# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတက်ရောက်

နေပြည်တော်၊ ဇွန်လ(၁၀)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ(၃)နာရီအချိန်တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်ဇနီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်ဇနီး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ဌာနခွဲများမှ အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုလိုတက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းသည် ကျောင်းသား/






>>





စာမျက်နှာ(၃၅) ...မှစာဆက်

တိုးတက်ကောင်းမွန်မည် ဆိုသည့်အတိုင်း ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာ မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ကြရန်လိုကြောင်းပြောကြားခဲ့ပါသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ရွှေတောင်မြို့နယ်အားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံ၊ ဘောလုံးအားကစားကွင်းနှင့် ပွဲကြည့်စင်တို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိရန်အတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့သို့ ဆက်လက် ထွက်ခွာခဲ့ပြီး တိုက်ကြီးမြို့နယ် အားကစားကွင်းအားလည်းကောင်း၊ မှော်ဘီမြို့နယ်အားကစားကွင်းအား လည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး အများပြည်သူများ လာရောက်လေ့ကျင့်ကစားရာတွင် အဆင်ပြေစေရေးအတွက် လမ်းလျှောက်မည့်နေရာများတွင် လျှောက်လမ်းများ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အုတ်တံတိုင်းများအား ပြန်လည် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများမှလည်း အားကစားကွင်း/အားကစားရုံများရေရှည် တည်တံ့ပြီး အကျိုးရှိစွာ အသုံးပြုနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။



















ကျောင်းသူတို့၏ ဘဝအစ ပထမဆုံး ခြေလှမ်းဖြစ်ပါကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ"သည့်အတွက် ဘဝ အစတက်လမ်းမှ အခြေခံ ကောင်းမွန်နိုင်မာစွာဖြင့် မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို အရောက်သွားနိုင်ရန် ဆက်လက် ကြိုးစားကြစေလိုကြောင်း၊ ပညာရာသည့်အရွယ်မှာ ပညာကိုသာ ဆည်းပူးလေ့လာပြီး မိဘ/ဆရာသမားများ၏ သွန်သင်ဆုံးမမှုကို နာခံလိုစိတ်ရှိရန်လိုကြောင်း၊ နိုင်ငံတော်က အားကိုးရသော ကောင်းမြတ်သည့် ကိုယ်ကျင့်သိက္ခာ၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ကျောင်းသား/ကျောင်းသူများအနေနှင့် "ပညာမြင့်မှလူမျိုးတင့်မည်"ဆိုသည့်အတိုင်း ပညာတတ်သော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးနိုင်ရေးအတွက် တက္ကသိုလ်ပညာရပ်များကို ဆုံးခန်းတိုင်အောင်သင်ယူလေ့လာမှတ်သားပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးနိုင်မည့် ထူးချွန်ထက်မြက်သော လူရည်ချွန်/လူရည်မွန်များ ဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းသား/သမီးများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား/ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်ဇနီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများမှ ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ရာ (၅)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၄) ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၃)ဘာသာ

# ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကချင်ပြည်နယ်၊ ဇွန်လ(၃)ရက်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ယနေ့ညနေ(၁၅း၀၀)နာရီက ပြည်နယ် အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီ နာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်(၁၂)မြို့နယ်မှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်မှ အဖွင့် မိန့်ခွန်း ပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ခဲ့ပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်အားပေးပြီး ဘောလုံးများ ထောက်ပံ့ပေးအပ်ခဲ့ကြပါသည်။ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့မှ သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အဖွဲ့များနှင့်တေးသံရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြပြီး အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရှိရပါသည်။

●











▶▶

ဂုဏ်ထူးရှင်(၆)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၁၂)ဦးနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများရှိ သင်တန်းသား/သင်တန်းသူများမှ(၂)ဘာသာဂုဏ်ထူးရှင်(၂)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၁၂)ဦး စုစုပေါင်း(၃၅)ဦးတို့အတွက် ဂုဏ်ထူး(၁)ခုလျှင် ကျပ်(၁)သိန်းနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၅၇၀၀၀၀၀/-(ကျပ်ငါးဆယ့်ခုနစ်သိန်းတိတိ)ကို ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဆုရရှိခဲ့ကြသော ကျောင်းသား/ကျောင်းသူများကိုယ်စား (၅)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မအိမ့်သက်ထားဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

●

# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကယားပြည်နယ်မှကစားသမားများနှင့် ပြိုင်ပွဲဝင်ကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို လွိုင်ကော်မြို့တွင် ကျင်းပ

လွိုင်ကော်၊ ဇွန်လ(၉)ရက်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့်ကယားပြည်နယ်မှ အားကစားသမားများနှင့် ပြိုင်ပွဲဝင်ကစားသမားများအား ကယားပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကျင်းပမည့် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းများအား ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ကယားပြည်နယ်မှ နိုင်ငံ့လက်ရွေးစင် ကစားသမားများက ငွေနှင့်ကြေးတံဆိပ်များကို ဆွတ်ခူးရရှိခဲ့ပါသဖြင့် ပြည်နယ်၏အားကစားသမိုင်းတွင် အားကစားသူရဲကောင်းများအဖြစ် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်နယ်မှနိုင်ငံ့ဂုဏ်ဆောင်အားကစားသမား အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်မှ အားကစားအဆင့်အတန်း မြင့်မားလာစေရေး၊ အောင်မြင်မှုရရှိရေးနှင့် အားကစားမောင်မယ်များ စိတ်ဓါတ် မြှင့်တင်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ထပ်ဆင့်ဂုဏ်ပြု ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်နယ် ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် စဉ်ဆက်မပျက် ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။







ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုအားကစားနည်း (၅၇)ကီလိုတန်းပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသော မဒေစီဦးဂျူးလီယက်နှင့် အလေးမပြိုင်ပွဲ (၅၉)ကီလိုတန်းပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိသော မနော်တဘိုးရာတို့အားလည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင် ကစားသမား(၄)ဦးအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်သည်။ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုက်ကွမ်ဒိုနှင့် ဘော်လီဘော လက်ရွေးစင်အသင်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**'နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ရမည်'**

MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာမှ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များအကြောင်း တစေ့တစောင်း

**ကိုဌေး(ကနောင်)**

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက် ဖွဲ့စည်းခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် ယခင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အားကစားနှင့်ကာယပညာဦးစီးဌာနအပြင် လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာဦးစီးဌာနကိုပါ တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

## လူငယ်ရေးရာဆိုင်ရာ မူဝါဒ၊ ခံယူချက်နှင့် ရေ့လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ခြင်း

လူငယ်လူရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် အားကစားအောင်မြင် တိုးတက်ရေးကဲ့သို့ပင် ယခုရေတွင်းတူး ယခုရေကြည်သောက် ဆိုသကဲ့သို့ ချက်ချင်း လက်ငင်း အကောင်အထည်ဖော် ဆောင်ရွက်၍ ရနိုင်ကောင်းသည့်လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အဆင့်ဆင့်သော ဦးစီးဌာနများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် အဆင့်ဆင့်သော အားကစားဆပ်ကော်မတီများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ အားကစားဝါသနာရှင်များ၊ မီဒီယာလောကသားများ အပါအဝင် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးအသိဖြင့် အတိုင်းအတာတစ်ခုအထိ အချိန်ယူ၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့်လည်း လူငယ်ရေးရာဆိုင်ရာ ခိုင်မာသည့် မူဝါဒ၊ ခံယူချက်များ၊ ရေ့လုပ်ငန်းစဉ်များ ချမှတ်ထားရှိပြီး ဖြစ်ကြောင်းလည်း သိရှိရပါသည်။

## အားကစားဆိုင်ရာခံယူချက် (၃)ရပ်

သို့ဖြစ်၍လည်း ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင်အားကစားဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းပြီးနောက် အားကစားဆိုင်ရာ ခံယူချက်အဖြစ် "အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်း ဖြစ်သည်"ဟူ၍လည်းကောင်း၊ "အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်" ဟူ၍ လည်းကောင်း၊ "အားကစား အောင်မြင်မှုသည် နိုင်ငံတော် ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဟူ၍ လည်းကောင်း မြင့်မားသည့် ခံယူချက်များ သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## အားကစားဆိုင်ရာမူဝါဒ(၃)ရပ်

အားကစားဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းပြီးနောက် ဝန်ကြီးဌာန၏ မူဝါဒ(၃)ရပ်အဖြစ် "မြန်မာ့အား ကစားကမ္ဘာကို လွှမ်းစေရမည် (ယခုအခါ မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့)"ဟူ၍လည်းကောင်း၊ "တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်စေရေးအတွက် အမျိုးသား အားကစား လှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှား ကြရမည်" ဟူ၍လည်းကောင်း၊ "နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူ့ရည်ချွန်များ မွေးထုတ်ရမည်" ဟူ၍ လည်းကောင်း ခိုင်မာသည့် မူဝါဒများ ချမှတ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

## ရေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း



အထက်တွင် ဖော်ပြခဲ့သည့် ယခင်အားကစားဝန်ကြီးဌာန၏ အားကစားဆိုင်ရာ ခံယူချက်(၃)ရပ်၊ မူဝါဒ(၃)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရေးအတွက်လည်း မဖြစ်မနေဆောင်ရွက်သွားရမည့် အားကစားဝန်ကြီးဌာန၏ ရေ့လုပ်ငန်းစဉ်(၁၀)ရပ်အား သတ်မှတ်၍လည်းကောင်း၊ ရေ့လုပ်ငန်းစဉ် (၁၀) ရပ်နှင့် ပူးတွဲ ဆောင်ရွက်ရမည့် အောက်ပါအားကစားမူဝါဒ(၅)ရပ်ကိုလည်း လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ထားရှိခဲ့ပါသည်-

(၁) အားကစားနှင့်ပညာရေး ပေါင်းစပ် လေ့ကျင့်ရေးလုပ်ငန်းကို ထိထိမိမိပူးပေါင်း ဆောင်ရွက်သွားရန်၊

(၂) မျိုးဆက်သစ် အားကစားသမားများအား ရေရှည်စနစ်တကျ ပြုစု ပျိုးထောင်သွားနိုင်ရေးအတွက် အသက်အရွယ်လျှော့ချပြီး ငယ်ရွယ်သူများကို (New Generation) အဖြစ် ထိထိရောက်ရောက် မွေးမြူရန်၊

(၃) အားကစားပြုစုပျိုးထောင် လေ့ကျင့်မှုလုပ်ငန်းများကို နည်းစနစ်မှန်မှန်၊ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် ဆောင်ရွက်သွားရန်၊

(၄) အမျိုးသမီးအားကစား လှုပ်ရှားမှုများကို အမျိုးသားများနည်းတူ ထိထိမိမိ အားပေးဆောင်ရွက်ရန်၊

(၅) အားကစားပညာပေး လုပ်ငန်းများကို ထိထိရောက်ရောက် တိုးချဲ့ဆောင်ရွက်ရန်၊

အထက်ဖော်ပြပါ အားကစားဆိုင်ရာ ခံယူချက်(၃)ရပ်၊ မူဝါဒ(၃)ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည့် ရေ့လုပ်ငန်းစဉ်(၁၀)ရပ်နှင့် ပူးတွဲ ဆောင်ရွက်သွားရမည့် အားကစားမူဝါဒ(၅)ရပ်မှာလည်း အားကစားလောကတွင် နှစ်ပေါင်း များစွာ ကျင်လည်ခဲ့ပြီး အားကစားလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံရင့် ပုဂ္ဂိုလ်များ၏ အကြံပြုတင်ပြချက်များအပေါ် အားကစားဌာန တာဝန်ရှိသူများမှ တညီတညွတ်တည်းဝိုင်းဝန်းညှိနှိုင်းဆွေးနွေး အတည်ပြုဆုံးဖြတ် ထားချက်များဖြစ်သည့်အတွက် အဆိုပါ ရေ့လုပ်ငန်းစဉ် (၁၀) ရပ်နှင့် ပူးတွဲ ဆောင်ရွက်သွားရမည့် အားကစားမူဝါဒ(၅)ရပ်အပေါ် အမြဲမပြတ် ဆင်ခြင် သုံးသပ် ဆောင်ရွက်သွားရန်လည်း လိုအပ်သကဲ့သို့ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အမြဲမပြတ် သုံးသပ်၍ ပြင်ဆင်/တိုးချဲ့သတ်မှတ် ဆောင်ရွက်နေရန်လည်း လိုအပ်ပါသည်။ အလားတူ အသစ်တိုးချဲ့ ဖွဲ့စည်းဆောင်ရွက်မည့် လူငယ်ရေးရာဦးစီးဌာနအနေဖြင့်လည်း လူငယ်ရေးရာဆိုင်ရာ ခံယူချက်၊ မူဝါဒများ၊ ရေ့လုပ်ငန်းစဉ်များ ချမှတ်၍ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လည်း လိုအပ်သည်ဟု မြင်မိပါသည်။

## နိုင်ငံတော်အကြီးအကဲ၏ လူငယ်နှင့်အားကစားဆိုင်ရာ လမ်းညွှန်ချက်များ

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အရှေ့တောင်အာရှအဆင့်တွင်ပင် နိမ့်ကျလျက်ရှိနေသည့် မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရေးအတွက် မကြာခဏ ဆိုသလို အားကစားနှင့်ပတ်သက်၍ လမ်းညွှန်ချက်များ ချမှတ်ပေးလျက်ရှိသည်ကို ကြားသိမြင်တွေ့နေရပြီး မှတ်သားမိသလောက် တင်ပြရမည်ဆိုပါလျှင် -

ကျန်းမာရေးဆိုသည်မှာ အားကစား၊ ကြံ့ခိုင်ရေးတို့နှင့် ဆက်စပ်နေပါကြောင်း၊ အားကစားမြှင့်တင်ခြင်းသည်နိုင်ငံ့ဂုဏ်ကို တက်စေကြောင်း၊ ကိုဗစ်-၁၉ရောဂါကြောင့် ကန့်သတ်မှုများရှိနေသော်လည်း အားကစားမြှင့်တင်ရေးကို မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ အားလုံးတွင် အားကစားကွင်း/အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်ပေးနေကြောင်း၊ အားကစားမြှင့်တင်မည်ဆိုလျှင် လူငယ်တို့၏ အင်အားသည် အဓိကကျသည့်အတွက် လူငယ်နှင့် အားကစားကဏ္ဍကို အားပေး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အားကစား ဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းလျက်ရှိသည်ကို တွေ့ရှိရပြီး အဆင့်အတန်းတစ်ခုသို့ ရောက်ရှိနိုင်ရေး အခြေခံကျကျ စဉ်းစား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မှစ၍ အားကစားအောင်မြင်မှုများသည်

>>





ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်းများစွာ ကျဆင်းခဲ့ကြောင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှု ရှိမည်ဖြစ်ကြောင်း၊ အလွယ်ကူဆုံးအားကစားနည်း (၂)ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်စေရေး အားပေးခြင်းများ ဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ်ဆန်း စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ SEA Games ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက် မြင့်မားရေး အားပေးဆောင်ရွက်သွားရန်၊ မိမိတို့နိုင်ငံ၏အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားရန်၊ အားကစားမြင့်မားမှုမှတစ်ဆင့်အမျိုးသားရေးစိတ်ဓာတ် ခိုင်မာမြင့်မားရေးကို ဆောင်ရွက်သွားရန်၊ အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုပါ မြှင့်တင် ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍ မြှင့်တင်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ရန် လိုအပ်ကြောင်း၊ မြန်မာ့အားကစားနည်းများ စနစ်ကျပြီး အဆင့်မီသည့် အားကစားနည်းများ ဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အားပေးဆောင်ရွက်သွားရန်၊ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းကျင်းပရန်နှင့် မိမိတို့ရိုးရာ အားကစားနည်းများကိုလည်း အားပေးရန်၊ အားကစား မြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏ စိတ်ဓာတ် (Mind Set)ကို ပြုပြင်ပေးခြင်းဖြစ်သဖြင့် နောင်လာမည့် ဆယ်စု



နှစ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးမြန်မာ့အားကစားတစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊

အထက်ဖော်ပြပါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များသည် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များ၊ လက်ရှိအနေအထားအရ နိမ့်ကျနေသည့် အားကစားကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အခြေခံကျကျ စဉ်းစားဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ၊ အားကစားဌာန၏ အခြေခံလိုအပ်ချက် ဖြစ်သည့် အားကစားကွင်း/အားကစားရုံများ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြန်မာ့အားကစား အောင်မြင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အားပေးဆောင်ရွက်သွားရန် လမ်းညွှန်ချက်များ၊



အားကစားဌာနအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ အားကစား အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ SEA Games ပြိုင်ပွဲများနှင့်နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက် သွားရန်လမ်းညွှန်ချက်များအပြင်အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သဖြင့် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရန် လမ်းညွှန်ချက်များ၊ အားကစားဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ အပါအဝင် ပြည်သူတစ်ရပ်လုံးမှ အမျိုးသားရေးအသိဖြင့် ပိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းမြင်သာစွာ မီးမောင်းထိုးပြထားပြီးဖြစ်သဖြင့် အားကစား အောင်မြင်တိုးတက်စေရေးအတွက်လည်းကောင်း၊ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်းစုပေါင်းအဖြေရှာ၍ ခိုင်မာသည့် စီမံချက်များ ပြင်ဆင်ရေးဆွဲ ချမှတ်ဆောင်ရွက်သွားရန် အချိန်ရောက်ပြီဟုလည်း ရှုမြင်မိပါသည်။

## လူငယ်လူရွယ်များ၏ အခန်းကဏ္ဍ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိုနိုင်ငံ၏ အနာဂတ်တာဝန်များကို ပုခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ အသိပညာ ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ အရည်အချင်းပြည့်ဝမှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှု စိတ်ဓာတ်ရေးရာ မြင့်မားမှု စသည့် အချက်များအပေါ် များစွာတည်မှီနေပြီး၊ လူငယ်လူရွယ်များကို ဘက်စုံထောင့်စုံမှ အရည်အသွေး မြှင့်တင်ပေးရန်မှာ နိုင်ငံတိုင်း အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း မှတ်သားဖူး

ပါသည်။

လူငယ်ဘဝမှ လူကြီးဘဝသို့ ကူးပြောင်းပြီးကာလသည် လူ့ပ်ရှား ပြောင်းလဲမှုများ ဖြစ်လွယ် ပျက်လွယ်သောကာလဖြစ်ခြင်းတို့ကြောင့် လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်အား အကျိုးပြုမည့် နိုင်ငံ့သားကောင်းများအဖြစ် ရောက်ရှိစေရေး စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များအနေဖြင့် လူငယ်ရေးရာကိစ္စရပ်များအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရေးအတွက် သီးခြားဝန်ကြီးဌာန ဖွဲ့စည်း၍လည်းကောင်း၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှု၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အဖြစ်လည်းကောင်း၊ ပညာရေး၊ လူငယ်နှင့်သိပ္ပံဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက် ရှိကြပါသည်။

## လူငယ်လူရွယ်များ၏ အသက်အရွယ် ကန့်သတ်ချက်

ကမ္ဘာပေါ်တွင် လူငယ်များ၏ အသက်အပိုင်းအခြား သတ်မှတ်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တွင် အသက်(၁၅)နှစ်မှ (၂၄)နှစ်အထိလည်းကောင်း၊ ဓနသဟာယ ဖွံ့ဖြိုးမှု အစီအစဉ်တွင် အသက်(၁၅)နှစ် မှ (၂၉)နှစ်အထိလည်းကောင်း၊ အာဖရိကလူငယ်ပဋိညာဉ်စာတမ်းတွင် အသက်(၁၅)နှစ်မှ (၃၅)နှစ်အထိလည်းကောင်း သတ်မှတ်ထားရှိကြောင်းနှင့် နိုင်ငံအသီးသီး၏ အစီအစဉ်များတွင် နိုင်ငံတစ်နိုင်ငံချင်းစီနှင့် ကိုက်ညီမည့် အသက်အပိုင်းအခြားအလိုက် သက်ဆိုင်ရာနိုင်ငံများ၏ အခြေအနေအလိုက် ကျင့်သုံးကြကြောင်းလည်း စာတမ်းတစ်စောင်တွင် ဖတ်ရှုမှတ်သားဖူးပါသည်။

## ပတ်ဝန်းကျင်နိုင်ငံများတွင် လူငယ်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှု

တရုတ်နိုင်ငံတွင် တရုတ်နိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့အစည်း (All China Youth Federation) ကို ဖွဲ့စည်း၍လူငယ်လူရွယ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေး၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ လူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်ရေး၊ ဆန်းသစ်တီထွင်ရေးနှင့် အလုပ်အကိုင်ရရှိစေရေးလုပ်ငန်းများအား အဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မလေးရှားနိုင်ငံတွင် လူငယ်နှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုအစီ အစဉ်များ ရေးဆွဲ၍ စည်းလုံးညီညွတ်သောမျိုးချစ်မလေးရှားနိုင်ငံအား တည်ထောင်ရန် ရည်မှန်းချက်ဖြင့် လူငယ်နှင့် အားကစားဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနနှင့် ဌာနခွဲ(၁၈)ခုအထိ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စင်္ကာပူနိုင်ငံတွင် အနုပညာနှင့် အားကစားမှတစ်ဆင့် နိုင်ငံသားများအား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့်လူငယ်ရေးရာဝန်ကြီးဌာနအား ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြပါသည်။

အိန္ဒိယနိုင်ငံတွင် လူငယ်ရေးရာနှင့်အားကစားဝန်ကြီးဌာနကို ဖွဲ့စည်းပြီး







လူငယ်ရေးရာဦးစီးဌာနနှင့် အားကစားဦးစီးဌာနတို့ကို အခြေခံဖွဲ့စည်းပြီး လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လူငယ်လူရွယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် သက်မွေးသိပ္ပံကျောင်းသားလူငယ် (၂)သန်းကျော်အား စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်လုပ်အားပေးနေသည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ လူငယ်ရေးရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရများနှင့် အမျိုးသားအဆင့်လူငယ်အဖွဲ့အစည်းများအတွက် လေ့ကျင့်သင်တန်းပေးမှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ရာဂျစ်ဂန္ဒီ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးသိပ္ပံအား တည်ထောင်ထားခြင်း၊ အသက်(၁၈)နှစ်မှ (၂၅)နှစ်ကြား လူငယ်များအား နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် (၂)နှစ်ကြာ ပါဝင်ဆောင်ရွက်စေပြီး သင့်လျော်သည့် ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် အမျိုးသားလူငယ်အဖွဲ့အစည်း (National Youth Corps) အား တည်ထောင်ထားခြင်း၊ ကင်းထောက်လူငယ် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူငယ်အချင်းချင်း ပူးပေါင်းဖလှယ်ရေးအစီအစဉ်များ ပြုလုပ်ခြင်း၊ လူငယ်များအတွက် နိုင်ငံအဆင့် ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခြင်းစသည့် လူငယ်လူရွယ်များအားလုံး ပါဝင်စေသော အစီအစဉ်များဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးလျက် ရှိကြောင်း မှတ်သားဖူးပါသည်။

## လူငယ်လူရွယ်များအတွက် ကမ္ဘာ့လုံးဆိုင်ရာအစီအစဉ်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ကမ္ဘာ့ကုလသမဂ္ဂ (United Nation)မှထုတ်ဝေသော "လူငယ်လူရွယ်များအတွက် ဆောင်ရွက်မည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ် (World Programme of Action for Youth)" တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ပတ်သက်၍ အောက်ပါခေါင်းစဉ်များအတိုင်း ခွဲခြားသတ်မှတ် ဆောင်ရွက်လျက်ရှိပါသည်-

(က) လူငယ်နှင့်ကျန်းမာရေးကဏ္ဍ၊

(ခ) လူငယ်နှင့်ပညာရေးကဏ္ဍ၊

(ဂ) လူငယ်နှင့်အားကစားကဏ္ဍ၊

(ဃ) လူငယ်နှင့်အလုပ်အကိုင်ကဏ္ဍ၊

(င) လူငယ်နှင့်ဆင်းရဲမွဲတေမှုကဏ္ဍ၊

(စ) လူငယ်နှင့်သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ၊

(ဆ) လူငယ်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုကဏ္ဍ၊

(ဇ) လူငယ်နှင့်ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုကဏ္ဍ၊

(ဈ) လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်၊



(ည) မိန်းကလေးများနှင့်အမျိုးသမီးငယ်များကဏ္ဍ၊

(ဋ) လူငယ်နှင့် အားလပ်ချိန်အသုံးချမှုကဏ္ဍ၊

(ဌ) လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်ချမှုလုပ်ငန်းများတွင် လူငယ်များ၏ အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုကဏ္ဍ၊

(ဍ) လူငယ်နှင့်မျိုးချစ်စိတ်ကဏ္ဍ၊

(ဎ) လူငယ်နှင့်သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍ၊

(ဏ) လူငယ်နှင့်လက်နက်ကိုင်ပဋိပက္ခများကဏ္ဍ၊

(တ) လူငယ်နှင့်ပြည်သူ့နီတိကဏ္ဍ၊

(ထ) လူငယ်နှင့်ရပ်ရွာလူမှုရေးလုပ်ငန်းများကဏ္ဍ၊



**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းဆောင်ရွက်**

မိမိတို့နိုင်ငံအနေဖြင့်လည်း အမိမြန်မာနိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်အား တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှု စသည့်အခြေခံကောင်းများ ပြည့်ဝရန်လိုအပ်မည် ဖြစ်ပါသည်။ ၎င်းအပြင် လူငယ်လူရွယ်များအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန် ပြည့်ဝစေပြီး ဘက်စုံအရည်အသွေး မြင့်မားသည့် လူငယ်လူရွယ်များ ဖြစ်လာစေရေး အထူးအလေးထား ပြုစုပျိုးထောင်ရမည်ဖြစ်ပေသည်။ ၎င်းအပြင် လူငယ်များအား ခေါင်းဆောင်မှု အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊ လူငယ်များကို ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်၊ လူငယ်များ မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးအပါအဝင် ဘက်စုံဖွံ့ဖြိုး တိုးတက်သော နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းစေရန်အတွက်လည်း ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးရမည် ဖြစ်သည့်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များမှာ များပြားကျယ်ဝန်းလှပါသည်။ ယခုအခါ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် တိုးမြှင့် ပြောင်းလဲဖွဲ့စည်းပေးပြီး ဖြစ်သဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူငယ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တာဝန်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည် မျှော်လင့်မိပါကြောင်း‧‧‧‧။



ကိုငွေး (ကနောင်)

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ အောင်ပွဲရ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

မန္တလေး၊ ဇွန်လ(၉)ရက်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်မန္တလေးတိုင်းဒေသကြီးမှ အောင်ပွဲရ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်(၈:၃၀) အချိန်တွင်မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ဆုများရရှိခဲ့ကြသော ပိုက်ကျော်ခြင်းအားကစားနည်းမှ မခင်နှင်းဝေအား




လည်းကောင်း၊ ဗိုဗီနမ်အားကစားနည်းမှ အရာခံဗိုလ်ဇော်ဇော်အားလည်းကောင်း ဂုဏ်ပြု ဆုငွေများ ချီးမြှင့်ခဲ့ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ဗိုဗီနမ်အားကစားနည်းမှ အရာခံဗိုလ် ဇင်လင်းထွန်းအားလည်းကောင်း၊ ဝူရှူးအားကစားနည်းမှ တပ်ကြပ်ကြီး သိန်းသန်းဦးအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုများရရှိခဲ့ကြသော ဝူရှူးအားကစားနည်းမှ မစုလှိုင်ဝင်းအားလည်းကောင်း၊ ဘိလိယက်နှင့်စနူကာအားကစားနည်းမှ မောင်စည်သူထွန်းအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းကသေနတ်ပစ်အားကစားနည်းမှ ဗိုလ်ကြီးချစ်စိုးနွယ်အား လည်းကောင်း၊ လေ့လှော်အားကစားနည်းမှ မောင်ထွန်းမင်းသန့်အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသော ပိုက်ကျော်ခြင်းအားကစားနည်းမှ မခင်နှင်းဝေအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဦးသိန်းဌေးက ပီတန်းအားကစား












# အောင်ပွဲရလက်ဝှေ့အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဘော်လီဘောအသင်းထံသို့ အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ကရင်၊ ဇွန်လ(၁၀)ရက်။

၂၀၂၂ခုနှစ်၊ (၄၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲဆုရ ကရင်ပြည်နယ် လက်ဝှေ့အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၂၂ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်ဘော်လီဘောအသင်းထံသို့ အောင်နိုင်ရေးအလံပေးအပ်ပွဲကို (၁၀-၆-၂၀၂၂)ရက်နေ့၊ နံနက်(၉း၀၀)နာရီအချိန်တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆက်လက်၍ ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှ လက်ဝှေ့အသင်းအုပ်ချုပ်သူ/နည်းပြအဖွဲ့ကို ဂုဏ်ပြုငွေကျပ်(၁၅)သိန်း ၊ တတိယဆုရ လက်ဝှေ့ပြိုင်ပွဲဝင် အားကစားသမားများအား ကရင်ပြည်နယ်

စာမျက်နှာ(၄၈)သို့













နည်းမှ မယမင်းသူအားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ ငွေ ကြေးဆု တံဆိပ်များရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ဗိုဗီနမ်အားကစားနည်းပြ ဦးကျော်မင်းထွန်းအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ်စိန်လွင်က ဘီလီယက်နှင့် စနူကာ အားကစားနည်းပြ ဦးမျိုးတင့်(ခေါ်)ဦးကျောက်ခဲအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ဝုရှူးအားကစားနည်းပြ ဒေါ်မြတ်သက်ဆုဝေဖြိုးအားလည်းကောင်း ဂုဏ်ပြုဆုငွေများအား အသီးသီး ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ ဆုများချီးမြှင့်ရာတွင် ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၁၀)သိန်း၊ ငွေတံဆိပ်တစ်ဆုလျှင်ငွေကျပ်(၇)သိန်း၊ ကြေးတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၅)သိန်း၊ နည်းပြ(၁)ဦးလျှင် ငွေကျပ်(၅)သိန်းစီ ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ကိုယ်စား ဝုရှူးအားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် တပ်ကြပ်ကြီးသိန်းသန်းဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက်မန္တလေးမြို့ ဂုဏ်ဆောင်နိုင်ငံကျော် မြို့မတီးဝိုင်းအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။

■

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

မကွေး၊ ဇွန်လ(၁၁)ရက်။

၂၀၂၂ ခုနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဖလား (၅)ခရိုင် အသက်(၁၉)နှစ်အောက်



အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့် ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ(၄)နာရီက မကွေးခရိုင်အားကစားကွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်း နှင့် သရက်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ရာ သရက်ခရိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲခဲ့သော သရက်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကလပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး၊ ဒုတိယဆုရရှိသော မကွေးခရိုင်အသင်းနှင့် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆု၊ ရွှေတာန်းအကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆုနှင့် အကောင်းဆုံးဂိုးသမားဆုရရှိသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။







စာမျက်နှာ(၄၇) ···မှစာဆက်

တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ်(၅)သိန်း၊ ဒုတိယဆုရ လက်ရွေ့ပြိုင်ပွဲ အားကစားသမားများအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ်(၇)သိန်း၊ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုမရရှိသည့် အားကစားသမားများအား ကရင်ပြည်နယ် အစိုးရအဖွဲ့မှ တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ် (၁)သိန်း (၅)သောင်းစီ ချီးမြှင့်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်ဘော်လီဘောအသင်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦးမှ အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ်(၁၀)သိန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစောကျော်ဝင်းမှ ထောက်ပံ့ငွေကျပ်(၅)သိန်း၊ပြည်နယ်လမ်းဦးစီး ညွှန်ကြားရေးမှူး ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ညို့မှ ထောက်ပံ့ငွေကျပ်(၅)သိန်း၊ ဘော်လီဘောဆပ်ကော်မတီ ဒုဥက္ကဋ္ဌ ဦးခင်ဇော်မှ ထောက်ပံ့ငွေကျပ်(၁၀)သိန်း ၊ ပြည်နယ် အားကစားအောင်နိုင်ရေးကော်မတီဝင် ဦးမင်းသိန်း (ကိုယ်စား)ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစတင်အောင်မြင့်မှ ထောက်ပံ့ငွေကျပ်(၃)သိန်း ချီးမြှင့်ခဲ့ပါသည်။

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုဂုဏ်ပြုခြင်း အခမ်းအနားကျင်းပ

တောင်ကြီး၊ ဇွန်လ(၁၆)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်း အခမ်းအနားကို (၁၆-၆-၂၀၂၂)ရက်နေ့ (၁၄း၀၀)နာရီ အချိန်တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။













ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဖွင့် အမှာစကားပြောကြားရာတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ ယနေ့ကျင်းပပြုလုပ်တဲ့ ဂုဏ်ပြုပွဲအခမ်းအနားကတော့ ယခုလိုနိုင်ငံ့ဂုဏ်နဲ့ ပြည်နယ်ရဲ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးကြတဲ့ အားကစားသမားအားလုံးရဲ့ စွမ်းဆောင်နိုင်မှုများကို မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ ယခုရရှိထားသည့် အောင်မြင်မှုတွင် ရပ်တန့်မနေဘဲ နောင်လာမည့်ပြိုင်ပွဲများမှာလည်း ယခုထက်ပိုမို အောင်မြင်အောင် စွမ်းဆောင်ပြီး ပြည်နယ်နှင့်နိုင်ငံရဲ့ဂုဏ်ကို အားကစားဖြင့် ဆထက်ထမ်းပိုး တိုး၍ မြှင့်တင်နိုင်ကြစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ရဲ့ အားကစား အဆင့်အတန်းမြင့်မားလာ

စာမျက်နှာ(၅၀)သို့

# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ဧရာဝတီ၊ ဇွန်လ(၁၆)ရက်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမဦးကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။









ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီးနောက် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၁၀)သိန်း၊ ငွေတံဆိပ်တစ်ဆုလျှင် ငွေကျပ်(၅)သိန်း၊ ကြေးတံဆိပ် တစ်ဆုလျှင် ငွေကျပ်(၃)သိန်းနှုန်းဖြင့် ဆုရအားကစားသမား (၂၂)ဦးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်း(၁၃၃)သိန်းကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၏ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် မှတ်တမ်းVideo အား ကြည့်ရှုအားပေးခဲ့ကြပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

■

စာမျက်နှာ(၄၉) ···မှ စာဆက်

စေရန်အတွက် ဘက်ပေါင်းစုံကနေ အမြဲတမ်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်တွေ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားတစ်ခုခုကို ကစားကြရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် အားကစားကွင်း/ အားကစားရုံတွေ ပြည့်စုံစေရေးအတွက် တိုးချဲ့တည်ဆောက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းမှ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်ဆုရ မောင်ဇော်ဇော်အား ဆုကြေးငွေကျပ်(၂၅)သိန်း၊ ကြေးတံဆိပ်ဆုရ မဇင်မာခိုင်အား ဆုကြေးငွေကျပ်(၁၅)သိန်း၊ ပြေးခုန်ပစ်အားကစားနည်း လမ်းလျှောက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မဇင်မေထက်အား ဆုကြေးငွေကျပ်သိန်း(၂၀)၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မနန်းစုမြတ်စံအား ဆုကြေးငွေကျပ်(၁၅)သိန်း၊ လေ့လော့အားကစားနည်းမှ ကြေးတံဆိပ်ဆုရှင် မစုစုလွင်အား ဆုကြေးငွေကျပ်(၁၅)သိန်းတို့အား ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးငွေကျပ်သိန်း(၁၀၀) တိတိအား ပေးအပ်လှူဒါန်းခဲ့ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသင်းများကိုယ်စား ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းမှ လက်ခံရယူခဲ့ကြောင်း သိရပါသည်။

■

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား U-19 အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရခိုင်၊ ဇွန်လ(၁၆)ရက်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား U-19 အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆု ချီးမြှင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား/ကျောင်းသူများနှင့်အားကစား ဝါသနာရှင်များ တက်ရောက်ကြပြီး ဆုပေးပွဲ အခမ်းအနားတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ငွေသားဆုကျပ်(၃)သောင်းနှင့် ဆုတံဆိပ်များအား အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများမှလည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုကို ငွေသားဆုကျပ် (၅)သောင်းနှင့် ဆုတံဆိပ်အား လည်းကောင်း၊ ဒုတိယဆုရရှိသောကျောက်ဖြူခရိုင်အသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေသားဆုကျပ် (၇)သိန်းအား လည်းကောင်း၊ ပထမဆုရရှိသော သံတွဲခရိုင်အသင်းအား တစ်ဦးချင်းဆု တံဆိပ်နှင့် ငွေသားဆု ကျပ်(၁၀)သိန်း အားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက အသီးသီး ဆုချီးမြှင့်ပေးကြပြီး ပထမဆုရရှိသည့် သံတွဲခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် မှဆုချီးမြှင့်ပေးခဲ့ပါသည်။ ●





# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး၊ ဇွန်လ(၁၇)ရက်။

၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ် အောက် (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၀၉း၀၀)နာရီတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစား သမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြပါ သည်။







အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်မှ နှုတ်ခွန်းဆက် အမှာ စကားပြောကြားခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်က ဘော်လီဘော အားကစားနည်းသည် မြန်မာ့အားကစား လောကတွင် အစဉ်အလာရှိသော အားကစားနည်း ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်

စာမျက်နှာ(၅၂)သို့





စာမျက်နှာ(၅၁) ⋯မှစာဆက်

အတွက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် အမှတ်ပေး စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အုပ်ချုပ်သူ/နည်းပြများအနေဖြင့်လည်း စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျနားလည်သဘောပေါက်ရန် လိုအပ်ပြီး အုပ်ချုပ်သူ/နည်းပြများမှ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ဒိုင်လူကြီးများမှ ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတစွာ ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းများအတိုင်း ဆုံးဖြတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်ထူးကဲစွာ အားပေးချီးမြှောက်နေသည့်အချိန်ကာလ ဖြစ်သည့်အတွက် အားကစားသမားများအနေနှင့် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အနိုင်ရရှိစေရေး၊ အားကစားစိတ်ဓါတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်မှ အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသောရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး သရုပ်ပြအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပထမနေ့(အမျိုးသား)ပြိုင်ပွဲပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ကြပါသည်။ ●

## မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ကြက်တောင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကျင်းပ

● မော်လမြိုင်၊ ဇွန်လ(၂၂)ရက်။

မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီးကြက်တောင်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်လင်းထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဝန်ကြီးချုပ်ဖလား(၁၀)မြို့နယ် ကြက်တောင်ပြိုင်ပွဲဗိုလ်လုပွဲကို ကြည့်ရှုအားပေးပြီးဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ပထမဆုရရှိသော မော်လမြိုင်မြို့နယ်အသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးက အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ပထမဆုရရှိသော သံဖြူဇရပ်မြို့နယ်အသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကျိုက်ထိုမြို့နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသော ရေးမြို့နယ်အသင်းနှင့်ချောင်းဆုံမြို့နယ်အသင်း၊ အကောင်းဆုံးဆုရရှိသော မော်လမြိုင်မြို့နယ်အသင်းမှ မောင်ရဲရင့်ထွန်းအား လည်းကောင်း၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မော်လမြိုင်မြို့နယ်အသင်း၊ ပူးတွဲတတိယဆုရရှိသော ကျိုက်မရောမြို့နယ်အသင်းနှင့် မုဒုံမြို့နယ်အသင်း၊ အကောင်းဆုံးဆုရရှိသော သံဖြူဇရပ်မြို့နယ်အသင်းမှ မဆုရှင်းသန့်တို့အား အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုကလပ်တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။ ■





# စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်း Synthetic ပြေးလမ်း၊ ဘောလုံးကွင်းဖွင့်ပွဲနှင့် ဖွင့်ပွဲအထိမ်းအမှတ် အမျိုးသားမီတာ ၁၀၀၀၀၊ အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

မုံရွာ၊ ဇွန်လ(၂၂)ရက်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် နိုင်ငံ့လက်ရွေးစင် တိုင်းဒေသကြီး ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစား သမားများ မွေးထုတ်ပေးနိုင်ရန်နှင့် မြို့နယ်များအတွင်းရှိ ထူးချွန်သည့် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်း Synthetic ပြေးလမ်း၊ ဘောလုံးကွင်း ဖွင့်ပွဲနှင့်ကွင်းဖွင့်ပွဲအထိမ်းအမှတ် အမျိုးသား မီတာ ၁၀၀၀၀ နှင့် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန်လ(၂၁)ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။










ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက် မြင့်မားရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့်အဘက်ဘက်မှအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိရာ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ရဲ့အားကစား မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအနေနဲ့ မြို့နယ်များရှိ ပြည်သူ့အားကစားကွင်းများကို ဘဏ္ဍာနှစ်အလိုက် ဘက်ဂျက်များ ရေးဆွဲကာ အဆင့် မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက Synthetic ပြေးလမ်းနှင့် ဘောလုံးကွင်း တည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် အားကစားကွင်း Synthetic ပြေးလမ်းနှင့် ဘောလုံးကွင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီးနောက် ကွင်းဖွင့်ပွဲအထိမ်းအမှတ် အမျိုးသား မီတာ ၁၀၀၀၀ နှင့် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မြို့နယ်အားကစားမှူးထံ အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီးနောက် အမျိုးသားမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ အမျိုးသမီး မီတာ ၃၀၀၀ ဆုရရှိကြသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုအသီးသီးတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်၍ ပြေးခုန်ပစ်အားကစား အထောက်အကူပြုပစ္စည်းများနှင့် Synthetic ပြေးလမ်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

●

# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား တနင်္သာရီတိုင်းဒေသကြီးတွင် ကျင်းပ

**တနင်္သာရီ၊ ဇွန်လ(၂၃)ရက်။**

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သော တနင်္သာရီတိုင်းဒေသကြီးမှ အားကစားသမား (၂)ဦးအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို (၂၃-၆-၂၀၂၂)ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ပါသည်။



အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုမှ ဂျူဒိုအားကစားနည်း (-57)kg ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မခြူးမြတ်နိုးဝေအား ဆုငွေကျပ် (၁၅)သိန်းနှင့် လက်ဝှေ့အားကစားနည်း (-57) kg ပြိုင်ပွဲမှ ကြေးတံဆိပ်ရရှိခဲ့သော မအေးငြိမ်းထူးအား ဆုငွေကျပ် (၁၀) သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။





# (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသော ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့်နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ပဲခူး၊ ဇွန်လ(၂၃)ရက်။**

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်(၉း၀၀)နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။





ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းမှဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်ဆု(၁)ခုစီနှင့် ငွေတံဆိပ်ဆု(၁)ခုစီ ဆွတ်ခူးရယူခဲ့ကြသော မေဟန်နီအောင်လွင်နှင့်ခိုင်ဝါဖူးတို့အား ဂုဏ်ပြုဆုငွေကျပ်(၁၇)သိန်းစီအား လည်းကောင်း၊ ဗိုဗီနမ်အားကစားနည်းမှ ရွှေတံဆိပ်ဆုရရှိခဲ့သော အောင်ခိုင်လင်းအား ဂုဏ်ပြုဆုငွေ ကျပ်(၁၀)သိန်းအားလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက ဗိုဗီနမ်အားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော ဝေသူလွင်အား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်းနှင့် ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော ချယ်ရီသန်းအား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က ဗိုဗီနမ် အားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော နှင်းသက်ဝေအား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်းနှင့် ကနူးကယက်လှေလှော် အားကစားနည်းမှ ငွေတံဆိပ်ဆု(၁)ခုနှင့် ကြေးတံဆိပ်ဆု(၁)ခု ရရှိခဲ့သော အောင်မျိုးသူအား ဂုဏ်ပြု

>>>

# ၂၀၂၂ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန်၊ ဇွန်လ(၂၉)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ(၁၅း၀၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာသေနတ်ပစ် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မိုးဝင်း နှင့် တာဝန်ရှိသူများ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရ အားကစားသမားများ တက်ရောက်ခဲ့ပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ၁၀ မီတာ လေပစ္စတို အမျိုးသား (တစ်ဦးချင်း)ပြိုင်ပွဲ၊ ၁၀ မီတာ လေပစ္စတိုအမျိုးသား(အသင်းလိုက်)ပြိုင်ပွဲ၊ ၁၀ မီတာလေရိုင်ဖယ် အမျိုးသား (တစ်ဦးချင်း)ပြိုင်ပွဲ၊ ၁၀ မီတာ လေရိုင်ဖယ်အမျိုးသား(အသင်းလိုက်) ပြိုင်ပွဲ၊ ၁၀ မီတာလေရိုင်ဖယ် အမျိုးသမီး (အသင်းလိုက်)ပြိုင်ပွဲ၊ ၂၅မီတာ အားကစားပစ္စတိုအမျိုးသမီး(တစ်ဦးချင်း) ပြိုင်ပွဲတို့ကို ကျင်းပပြုလုပ်ပြီးနောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပပြုလုပ်ရာ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ၁၀ မီတာ







လေပစ္စတို အမျိုးသား(အလွတ်တန်း) ပြိုင်ပွဲတွင် ပထမရရှိသော မောင်ဇော်မင်းအောင်၊ ဒုတိယရရှိသော မောင်မင်းသော်ခန့်၊ တတိယရရှိသော မောင်မင်းမင်းနှင့် ၁၀မီတာ လေပစ္စတို အမျိုးသမီး(အလွတ်တန်း)ပြိုင်ပွဲတွင် ပထမရရှိသော မငူလိုင်ထွန်း၊ ဒုတိယရရှိသော မယမင်းအဥ္ဇလီ၊ တတိယရရှိသော မဖူးဖူးဇင်မင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အုပ်ချုပ်

စာမျက်နှာ(၅၆)သို့





ဆုငွေကျပ် (၁၂)သိန်းတို့အား လည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးဆန်းညွှန့်လှိုင်က ပီတန်းအားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော ဝင်းသူရိန်ထွန်းနှင့် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ်ဆုရရှိခဲ့သော အောင်ရဲဇော်တို့အား ဂုဏ်ပြုဆုငွေကျပ်(၅)သိန်းစီအား လည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုတံဆိပ်များ ရရှိအောင် သင်ကြားပြသပေးခဲ့သော အားကစားနည်းပြ ဆရာ/ဆရာမ များအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တိုင်းအတွင်းရေးမှူးတို့က နည်းပြ(၁)ဦးလျှင် ကျပ်(၅)သိန်းစီ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

စာမျက်နှာ(၅၅) ••• မှစာဆက်

ရေးမှူး ဦးထူးလွင်က လည်းကောင်း၊ ၁၀ မီတာ လေရိုင်ဖယ် အမျိုးသား (အလွတ်တန်း)ပြိုင်ပွဲတွင် ပထမရရှိသော မောင်အောင်ထွန်းဇော်၊ ဒုတိယရရှိသော မောင်သူရိန်မင်း၊ တတိယရရှိသော မောင်မျိုးဝဏ္ဏထွန်းနှင့် ၁၀ မီတာလေရိုင်ဖယ်အမျိုးသမီး (အလွတ်တန်း)ပြိုင်ပွဲတွင် ပထမရရှိသော မကေဇင်ဝါဝါကို၊ ဒုတိယရရှိသော မသွယ်သွယ်ဝင်း၊ တတိယရရှိသော မတင်ဇာလင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူး ဦးညီညီမင်းက လည်းကောင်း၊ ၂၅ မီတာ ပစ္စတို အမျိုးသား/အမျိုးသမီး (အလွတ်တန်း) ပြိုင်ပွဲတွင် ပထမရရှိသော မောင်သန့်ဇော်ဦး၊ ဒုတိယ ရရှိသော မခိုင်သရဖူ၊ တတိယရရှိသော မောင်ခင်မောင်ဇော်တို့အားမြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်စိုးသိုက်ကလည်းကောင်း ချီးမြှင့်ခဲ့သည်။







ဆက်လက်ပြီး ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ပြိုင်ပွဲ ၁၀မီတာ လေပစ္စတို အမျိုးသား(တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသော မောင်ဇော်မင်းအောင်၊ ဒုတိယရရှိသော မောင်မင်းမင်း၊ တတိယရရှိသော မောင်သက်ဦးကျော်တို့နှင့် ၁၀မီတာ လေပစ္စတိုအမျိုးသား (အသင်းလိုက်)ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယရရှိသောမန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းတို့အားဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးမြင့်ဇော်ကလည်းကောင်း၊ ၁၀မီတာလေပစ္စတိုအမျိုးသမီး (တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသော မဇူလိုင်ထွန်း၊ ဒုတိယရရှိသော မယုနန္ဒာထွန်း၊ တတိယရရှိသော မယမင်းအဥ္စလီနှင့် ၁၀မီတာ လေပစ္စတို အမျိုးသမီး (အသင်းလိုက်)ပြိုင်ပွဲတွင် ပထမ ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယရရှိသော ရှမ်းပြည်နယ်အသင်း၊ တတိယရရှိသောရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်းဦးကလည်းကောင်း၊ ၁၀မီတာ လေရိုင်ဖယ် အမျိုးသား (တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသော မောင်အောင်ထွန်းဇော်၊ ဒုတိယရရှိသော မောင်လှထွန်းအောင်၊ တတိယရရှိသော မောင်မျိုးဝဏ္ဏထွန်းတို့နှင့် ၁၀မီတာ လေရိုင်ဖယ် အမျိုးသား (အသင်းလိုက်)ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယရရှိသော ရှမ်းပြည်နယ်အသင်း၊ တတိယရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးငွေအောင်က လည်းကောင်း၊ ၁၀ မီတာလေရိုင်ဖယ်အမျိုးသမီး (တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသော မကေဇင်ဝါဝါကို၊ ဒုတိယရရှိသော မသွယ်သွယ်ဝင်း၊ တတိယရရှိသော မတင်ဇာလင်းတို့နှင့် ၁၀မီတာ လေရိုင်ဖယ် အမျိုးသမီး(အသင်းလိုက်) ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယရရှိသောဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးကလည်းကောင်း၊ ၂၅မီတာ ဗဟိုရိုက်ပစ္စတို(Center Fire Pistol) အမျိုးသား(တစ်ဦးချင်း) ပြိုင်ပွဲတွင်ပထမရရှိသော မောင်မင်းမင်း၊ ဒုတိယ ရရှိသော မောင်အေးမင်းကို၊ တတိယရရှိသော မောင်အောင်ပြည့်ဖြိုးတို့နှင့် ၂၅မီတာ အားကစားပစ္စတို အမျိုးသမီး(တစ်ဦးချင်း)ပြိုင်ပွဲတွင်ပထမရရှိသော မခင်ပပစိုး၊ ဒုတိယရရှိသော မဖူးဖူးဇင်မင်း၊ တတိယရရှိသော မဇင်မာထက်တို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းကလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းမှ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ပြိုင်ပွဲတွင် အသင်းလိုက် စုစုပေါင်းရမှတ်(၃၂) မှတ်ဖြင့် တံခွန်စိုက် ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဆုဖလားချီးမြှင့်ခဲ့ပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုတံဆိပ်နှင့်အတူ ငွေသားဆုများ ချီးမြှင့်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်သည် ဆုပေးပွဲ အခမ်းအနားအပြီး၌ ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ တံခွန်စိုက်ဒိုင်း ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် အခြားပြိုင်ပွဲဝင်အသင်း အားလုံးအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■

ထူးချွန်ပျိုမြစ် မျိုးဆက်သစ်
ပေါ်ထွက်ဖို့ရည် ကမ္ဘာ့အဆင့်မီ

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို တောင်ကြီးမြို့တွင် ကျင်းပ

တောင်ကြီးမြို့ ဇွန်လ(၃၀)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရှမ်းပြည်နယ်တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ၃၀-၆-၂၀၂၂ ရက်နေ့ မွန်းလွဲ(၁၃း၀၀)နာရီအချိန်တွင် အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို (၃)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ ညနေ(၁၄း၃၀) နာရီအချိန်တွင် အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ ကယားပြည်နယ်အသင်းကို (၃)ပွဲ(၀)ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)မှ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများ၊ နည်းပြအုပ်ချုပ်သူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်အသင်း၊ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အားလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပူးတွဲ တတိယဆုရရှိကြသည့်တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့်ကယားပြည်နယ်အသင်းတို့အားလည်းကောင်း၊ ပြိုင်ပွဲတွင် စပေး/ပင့်ထောင်/ရိုက်ခုတ်/ ဆယ်မ/ ပိတ်ဆို့ဆုများရရှိခဲ့ကြသော အားကစားသမားများနှင့် ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုဆုဖလားနှင့် ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပထမတံခွန်စိုက်ဆုဖလား ရရှိသွားသော အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်(၁၀)သိန်းစီ ထပ်မံချီးမြှင့်ပေးအပ်၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခြင်းတို့အား ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။









# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မော်လမြိုင်၊ ဇွန်လ(၂)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၀၉း၀၀) နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) အုပ်ချုပ်မှုရုံး၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဇော်လင်းထွန်း၊ မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်ဦးညီညီစိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦး၊ စီးပွားရေးရာဝန်ကြီးနိုင်လယ်ဒိတမ(ခ)နိုင်ခင်မောင်ဇင်၊ သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်း၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ဥပဒေချုပ်ဦးမြင့်အောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူး၊ ခရိုင် ပညာရေးမှူးနှင့် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များမှ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အားကစားနည်းအလိုက် အားကစားအသုံးအဆောင်ပစ္စည်းများ၊ အားကစားလှူပ်ရှားမှု မှတ်တမ်း ဓါတ်ပုံများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဇော်လင်းထွန်းမှ သင်တန်းသားများအား နှုတ်ခွန်းဆက်အဖွင့်အမှာစကားပြောကြားပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ ကျောင်းဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။









ယင်းနောက် ဝန်ကြီးချုပ်မှ အလှူငွေကျပ်(၁၀)သိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။

■





# အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)၊ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်း၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မုံရွာ၊ ဇွန်လ(၂)ရက်။

အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)၊ အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်း၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်သင်တန်းဖွင့်ပွဲ အခမ်းအနားအား ယနေ့ နံနက် (၀၇း၀၀)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) အားကစားခန်းမ(၁)တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များ၊ ပညာရေးဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ရန်ပံ့ငွေသို့ အလှူငွေကျပ် (၁၀)သိန်းအား ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးမှ လက်ခံရယူပါသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များမှ အလှူငွေများ ပေးအပ်လှူဒါန်းရာ လူမှုရေးဝန်ကြီးမှ လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ချီးမြှင့်ပါသည်။












ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များမှ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အားကစားနည်းအလိုက် အသုံးအဆောင်ပစ္စည်းများ၊ အားကစားလှုပ်ရှားမှုမှတ်တမ်း ဓါတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးပြီး စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓါတ်ပုံ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး
အားကစားကို အစဉ်အားပေး

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

● မန္တလေး၊ ဇွန်လ(၂)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ အားကစားနှင့်ကာယပညာ သိပ္ပံ(မန္တလေး)၂၀၂၂-၂၀၂၃ ပညာသင် နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်(၈:၀၀)နာရီတွင် ကြက်တောင် အားကစားခန်းမ၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကို၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ အားကစား နှင့်ကာယပညာသိပ္ပံ(မန္တလေး) ခေတ္တ ကျောင်းအုပ်ကြီး၊ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းခင်စန်းမြင့်၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ၂၀၂၂-၂၀၂၃ ပညာ သင်နှစ်၊အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင် ဦးမောင်ကိုမှ သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အလှူရှင်များမှ အလှူ ငွေများ ပေးအပ်လှူဒါန်းရာ အလှူငွေ များကို ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ခဲ့ပြီး အားကစား နှင့်ကာယပညာသိပ္ပံ (မန္တလေး) ခေတ္တကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းခင် စန်းမြင့်မှ ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ပါသည်။

ယင်းနောက် မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်မည့် သင်တန်းသား/ သင်တန်းသူများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အမှတ်တရ မှတ်တမ်းဓါတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဝဏ္ဏ ကျော်ထင်ဦးမောင်ကို၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူ ရှင်များမှ အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစား အထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရှိရ သည်။











# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

တောင်ကြီး၊ ဇွန်လ(၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၁၀)နာရီတွင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။





ရှေးဦးစွာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အားကစားနည်းအလိုက် တက်ရောက်ကြမည့် သင်တန်းသား/သင်တန်းသူများနှင့် မိတ်ဆက်ပေးပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းမှ သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းသည့် အားကစားအထောက်အကူပြုပစ္စည်း (၉)မျိုးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။



ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်မည့် သင်တန်းသား/သင်တန်းသူများ၊ ဆရာ/ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အမှတ်တရ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းအကျိုးတော်ဆောင် ရန်ပုံငွေအတွက် အလှူငွေများ ပေးအပ် လှူဒါန်းရာ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြု ပစ္စည်းများအား လှည့်လည် ကြည့်ရှုခဲ့ပြီး ဘောလုံးကွင်း အဆင့်မြှင့်တင်ထားမှုနှင့် တည်ဆောက်ဆဲ ရေကူးကန်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။





●

# အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

● လွိုင်ကော်၊ ဇွန်လ(၄)ရက်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လ(၃)ရက်နေ့က အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေသို့ အလှူငွေ ထောက်ပံ့လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြာက လည်းကောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြေးခုန်ပစ် (တာလတ်)အားကစားသမား မလွှီးဇာအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ ၎င်း၏ကိုယ်စား နည်းပြတစ်ဦးက လည်းကောင်း လက်ခံရယူသည်။

ဆက်လက်ပြီး ပြည်နယ် အစိုးရအဖွဲ့က အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)ကျောင်းသို့ ထောက်ပံ့လှူဒါန်းသော ဆန်၊ စားသုံးဆီများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး ပစ္စည်းများကို တာဝန်ရှိသူအသီးသီးက ပေးအပ်ရာ ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြာက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သင်တန်းသား/သင်တန်းသူများ၊ သင်တန်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားကာ ခင်းကျင်းပြသထားသည့် အားကစားလှုပ်ရှားမှုဆိုင်ရာမှတ်တမ်းဓါတ်ပုံများ၊ အားကစားနည်းများအလိုက် အသုံးပြုသော အားကစား အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

●











## လက်ဝှေ့ဆောင်ပုဒ်

"အဆုတ်အတက်၊ သွက်လက်ရွှေ့လျား
လှည့်စားပရိယာယ် ဆန်းကြယ်တိုက်ကွက်
လျှပ်တစ်ပြက်၊ ထိုးချက်မြန်သလို လက်ဝှေ့ဆို"

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် လေ့ကျင့်ရေးသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

● ရန်ကုန်၊ ဇွန်လ(၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာ







သိပ္ပံ(ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၀၉း၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း







စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး သင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းသား/ကျောင်းသူများက "ဒို့ချစ်တဲ့သိပ္ပံ"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ရဲ့ အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးသည် အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ဖြစ်သလို အားကစားအောင်မြင်မှုသည်လည်း နိုင်ငံတစ်နိုင်ငံ၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာပင် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကစား အောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်အားကစားသမား လူငယ်မောင်/မယ်များကို ရှာဖွေ

စာမျက်နှာ(၆၄)သို့

စာမျက်နှာ(၆၃) ...မှ စာဆက်

ဖော်ထုတ် လေ့ကျင့်ပေးမှုဟာလည်း အရေးကြီးပြီး၊ အခြေခံကျတဲ့ အခန်းကဏ္ဍတစ်ခုပင်ဖြစ်ကြောင်း၊

ယခုဖွင့်လှစ်မယ့် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ် လေ့ကျင့်ရေးသင်တန်းမှာလည်း ယခင်နှစ် လက်ကျန် သင်တန်းသားများအပါအဝင် သင်တန်းသား/ အကောင်းဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

အားကစားနှင့်ပညာရေးပေါင်းစပ် လေ့ကျင့်ရေး သင်တန်းသားများဟာ မိမိကျောင်း၏ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ကြရန်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူများ၊ နည်းပြများ၊ ပညာရေး ဆရာ/ဆရာမများ၊ သင်တန်းသား/ ကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ငွေကျပ်(၁၀)သိန်းနှင့် Mask (၃၀၀၀) အားလည်းကောင်း ပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအကျိုးတော်ဆောင် အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်က လက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းသား/ကျောင်းသူများက Myanmar Fitness Dance၊ ကရာတေး၊ မြန်မာ့သိုင်း၊ ဝူရှူး အား






သင်တန်းသူ(၂၂၅)ဦးအထိ ရွေးချယ်ထားပြီး အားကစားနည်း(၂၂)နည်းဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဟု သိရှိရပါကြောင်း၊ကျောင်းသား/ ကျောင်းသူများရဲ့ လေ့ကျင့်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးစတဲ့ ကိစ္စအဝဝကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသလို ပိုမိုပြည့်စုံ ကောင်းမွန်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့လည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကို အားဖြည့်ဖွဲ့စည်း ပေးထားပြီး အလှူရှင်များရဲ့ ပံ့ပိုးကူညီမှုနှင့် ကျောင်းသား/ ကျောင်းသူလေးများရဲ့ လိုအပ်ချက်များကို အတတ်နိုင်ဆုံးနဲ့ သင်တန်းသူများအားလုံးက မိမိကျရာ အခန်းကဏ္ဍ အသီးသီးမှ မိမိတို့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီး မိမိကျောင်း၏ဂုဏ်သိက္ခာမြင့်မားအောင် အားကစားနှင့်ပညာရေးကို စနစ်တကျ ပေါင်းစပ်ပြီး (၂၅)နှစ်တိုင်မှ နောင်နှစ်ပေါင်းများစွာ ဂုဏ်သိက္ခာရှိရှိ အဆင့်အတန်းမြင့်မားစွာ ရပ်တည်နိုင်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ငွေကျပ်(၁၀)သိန်းနှင့် စာအုပ်မျိုးစုံ(၁၅၅)အုပ်အားလည်း

ယနေ့အခမ်းအနားတွင် အလှူရှင်အသီးသီးတို့မှ လှူဒါန်းငွေကျပ် စုစုပေါင်း ၁၉၃၅၀၀၀၀/-၊ဘောလုံး (၁၀၀)၊ ပဲအိတ်(၃၀)၊ သကြားအိတ် (၃၀)၊ Pocari Sweat (၅)ဖာတို့အား ပေးအပ်လှူဒါန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က အသီးသီး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ကစားနည်းများဖြင့် သရုပ်ပြ ဖျော်ဖြေပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓါတ်ပုံများ ရိုက်ကူးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစားပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

အမျိုးသားအားကစား တိုးတက်ရေး
လူချွန်လူတော်များ ပျိုးထောင်ပေး

# ၂၀၂၂ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော်၊ ဇွန်လ(၇)ရက်။

၂၀၂၂ခုနှစ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်(၉:၀၀)နာရီတွင် ပေါင်းလောင်း အားကစားခန်းမ၊ ဘော်လီဘော အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၃) ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၂) ဦးဇေယျာလင်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။









ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ တပ်ကုန်းမြို့နယ်အသင်းမှ ဇမ္ဗူသီရိမြို့နယ်အသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယနေရာလုပွဲတွင် ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပျဉ်းမနားမြို့နယ်အသင်းမှလယ်ဝေးမြို့နယ်အသင်းကို (၃)ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပါသည်။



အဆိုပါပြိုင်ပွဲ၌ အကောင်းဆုံး အားကစားသမားပိတ်ဆို့ဆု၊ အကောင်းဆုံး အားကစားသမား ရိုက်ခုတ်ဆု၊ အကောင်းဆုံးအားကစားသမား ဆယ်မဆု၊ အကောင်းဆုံးအားကစားသမား ပင့်ထောင်ဆု၊ အကောင်းဆုံးအားကစားသမား စပေးဘောဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုများကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ခဲ့ကြပြီး တတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းကို နေပြည်တော်ကောင်စီ အဖွဲ့ဝင်(၂) ဦးဇေယျာလင်းမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၃)သိန်းအားလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းကို နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင် (၃) ဦးမြင့်စိုးမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၅)သိန်းအားလည်းကောင်း၊ ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၇)သိန်းအားလည်းကောင်း၊ ပထမဆုရရှိသွားသည့် တပ်ကုန်းမြို့နယ်အသင်းကို နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်မှ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၂)သိန်း (၁)သောင်းအားလည်းကောင်း အသီးသီး ချီးမြှင့်ခဲ့ကြပါသည်။

●

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

● နေပြည်တော်၊ ဇွန်လ(၂၃)ရက်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဇွန်လ(၁၄)ရက်နေ့မှ စတင်ယှဉ်ပြိုင် ကစားခဲ့ကြရာ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေး ကြသည်။









ရှေးဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပျဉ်းမနားမြို့နယ်အသင်းက (၂)ဂိုး(၁)ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။



ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများကလည်းကောင်း၊ တတိယဆုရရှိသည့် ဥတ္တရသီရိမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင်ဦးဇေယျာလင်းမှလည်းကောင်း၊ ဒုတိယဆုရရှိသည့် လယ်ဝေးမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးမှလည်းကောင်း၊ ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ကျပ်(၁၀၀၀၀၀၀ိ/-)အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

●

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ ဇွန်လ(၁)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များကိုနေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။









ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၄၆)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်း ဒေသကြီးအသင်းမှ ကောင်းဆက်နိုင်နှင့် ရခိုင်ပြည်နယ်အသင်းမှ ဇော်လူလွင်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ နိုင်ယောဟန်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ တင်အောင်လင်း၊ ကရင်ပြည်နယ်အသင်းမှ စိုးမိုးအောင်နှင့် ရေဝတီတိုင်း ဒေသကြီးအသင်းမှအောင်မျိုးသူ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှတင်အောင်ထူးနှင့် မွန်ပြည်နယ်အသင်းမှ အောင်ပြည့်မိုး၊ အမျိုးသား(၄၉)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ စောအောင်မျိုးထွန်းနှင့် ကချင်ပြည်နယ်အသင်းမှ ဘောင်ဆောင်၊ ရှမ်းပြည်နယ်အသင်းမှ စိုင်းသူနှင့် ရေဝတီတိုင်းဒေသကြီးအသင်းမှသွင်ထူးအောင်၊ နေပြည်တော်အသင်းမှ ဟိန်းထက်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝိုင်းချစ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စောဆန်းသူအောင်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ အောင်သူဟိန်းနှင့် အမျိုးသား(၅၆)ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သူရငွေး နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှသူရ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ မင်းမော်သက်နှင့်မကွေးတိုင်းဒေသကြီးအသင်းမှ အေးချမ်းမင်း၊ မွန်ပြည်နယ်အသင်းမှ သိန်းငွေးနှင့် ကချင်ပြည်နယ်အသင်းမှ မော်လတ်အောင်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဂေမောင်းနှင့်ရှမ်းပြည်နယ်အသင်းမှ ရှိုင်းငယ်၊ အမျိုးသား(၆၀)ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ဝေဖြိုးအောင်နှင့် ရေဝတီတိုင်းဒေသကြီးအသင်းမှ ရှိုင်းဇော်၊ ရခိုင်ပြည်နယ်အသင်းမှ ဝင်းနိုင်ထွန်းနှင့် ရှမ်းပြည်နယ်အသင်းမှ ရေမွန်ဒို၊ ကရင်ပြည်နယ်အသင်းမှ မင်းကျော်ဇနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှစောဘွယ်ကလို၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထွန်းလင်းနှင့်နေပြည်တော်အသင်း မှမင်းသွင်ဖြိုး၊ အမျိုးသား(၆၄)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရဲမြင့်ထွန်းနှင့် ရခိုင်ပြည်နယ်အသင်းမှ ကျော်ကျော်ခန့်၊ မကွေးတိုင်းဒေသကြီးအသင်းမှ ရဲရင့်ထွန်းနှင့် နေပြည်တော်အသင်းမှ ဇွဲဝေယံဖြိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းမှအောင်စိုးမိုးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ထွန်းထွန်းဝင်း၊ ရေဝတီတိုင်းဒေသကြီးအသင်းမှဟေမာန်နှင့်ကရင်ပြည်နယ်အသင်းမှ စောထွန်းဝင်းအောင်၊ အမျိုးသမီး (၆၀)ကီလိုတန်းပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးအသင်းမှ ဇူးလဲ့နန္ဒာထွန်းနှင့်ပဲခူးတိုင်းဒေသကြီးအသင်းမှ သဇင်ဦး၊ ရှမ်းပြည်နယ်အသင်းမှ မူစိန်မြနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှအေးအေးမြတ်၊ ကရင်ပြည်နယ်အသင်းမှ နန်းသဲအိစံနှင့် မွန်ပြည်နယ်အသင်းမှ နင်းသီရိစံ၊ နေပြည်တော်အသင်းမှ နန်းနွံရွှေနှင့် ရခိုင်ပြည်နယ်အသင်းမှ သက်စုအေးတို့မှလည်းကောင်းအသီးသီးယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်၊ ဇွန်လ(၂)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားနှင့်









လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၂)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လမင်းကိုကိုနှင့်ရောဝတီတိုင်းဒေသကြီးအသင်းမှ ပြည့်စုံရှိုင်း၊ မွန်ပြည်နယ်အသင်းမှ နေရှိုင်းထက်အောင်နှင့်ရှမ်းပြည်နယ်အသင်းမှ ဖြိုးဝေထွန်း၊ ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှကျော်မင်းထွန်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဘိုဘိုနှင့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကိုကိုထွန်း၊ အမျိုးသား(၆၉)ကီလိုတန်းပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းမှစတီးရှုနှင့်စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှသူရဖြိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းမှကျော်စွာထွန်း နှင့် မကွေးတိုင်းဒေသကြီးအသင်းမှ သီဟဇော်၊ မွန်ပြည်နယ်အသင်းမှ စောမျိုးသက်ပိုင်နှင့်ကရင်ပြည်နယ်အသင်းမှ သက်ဝေ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝင်းမင်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှအောင်အောင်လွင်နှင့် အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်အောင်နှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းမှမင်းခန့်ဟိန်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ လှိုင်ဝင်းအောင်နှင့် ကရင်ပြည်နယ်အသင်းမှစောဂလယ်ထွန့်၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သက်ကျော်ထွေးနှင့် နေပြည်တော်အသင်းမှရဲလင်းခန့်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်သူနှင့် ရှမ်းပြည်နယ်အသင်းမှ စိုင်းခေးလျှမ်း၊ အမျိုးသမီး(၄၅)ကီလိုတန်းပြိုင်ပွဲတွင် နေပြည်တော်အသင်းမှဆန်းသူဇာထွေးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဖြိုးဖြိုးခိုင်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထန်နွမ်းကိမ်နှင့် ရောဝတီတိုင်းဒေသကြီးအသင်းမှ မိုးမိုးဌေး၊ ရခိုင်ပြည်နယ်အသင်းမှ ထက်ထက်ဝေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှနန်းငယ်ငယ်ထူး၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ မင်းမေယံကျော်နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မြင့်ရတနာစံ၊ အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ ကော့မိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပန်းအိဖြူ၊ ရခိုင်ပြည်နယ်အသင်းမှ မြတ်ကေခိုင် နှင့်ကရင်ပြည်နယ်အသင်းမှ နော်သောနေထူး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မေသဇင်ထူးနှင့်မန္တလေးတိုင်းဒေသကြီးအသင်းမှကေဇင်မိုး၊ မကွေးတိုင်းဒေသကြီးအသင်းမှသင်းသင်းခိုင် နှင့် နေပြည်တော်အသင်းမှ အိမ့်မြတ်သော်၊ အမျိုးသမီး(၅၇)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သော်တာခိုင်နှင့် မကွေးတိုင်းဒေသကြီးအသင်းမှကျော့ကေခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြည့်ပြည့်ဝင်းနှင့် ကရင်ပြည်နယ်အသင်းမှ နန်းပပဝင်းခင်၊ ရောဝတီတိုင်းဒေသကြီးအသင်းမှ ရှုပစံနှင့် နေပြည်တော်အသင်းမှ မေမြတ်မွန်လွင်၊ မွန်ပြည်နယ်အသင်းမှ အိအိစံနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ထက်ထက်ဝင်းတို့မှ လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ်၊ (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်၊ ဇွန်လ(၄)ရက်။

"၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ"ကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ လက်ဝှေ့လေ့ကျင့်ရုံ၌ ဆက်လက် ကျင်းပ ပြုလုပ်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုအောင်နှင့် အားကစား ဝါသနာ ရှင်များ တက်ရောက်ကြည့်ရှု အားပေး ခဲ့ကြပါသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၂)ကီလိုတန်းပြိုင်ပွဲတွင် လမင်းကိုကို(ရန်ကုန်တိုင်းဒေသကြီး)မှ နေရှိုင်းထက်အောင်(မွန်ပြည်နယ်)ကို လည်းကောင်း၊ အေးကိုဇင် (ကရင် ပြည်နယ်)မှ ကိုကိုထွန်း(စစ်ကိုင်းတိုင်း ဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသား (၆၄)ကီလိုတန်းပြိုင်ပွဲတွင် ဇွဲဝေယံဖြိုး (နေပြည်တော်)မှ ကျော်ကျော်ခန့် (ရခိုင်ပြည်နယ်)ကိုလည်းကောင်း၊ အောင်စိုးမိုး(မန္တလေးတိုင်းဒေသကြီး)မှ ပေဟမာန်(ဧရာဝတီတိုင်းဒေသကြီး)ကို လည်းကောင်း၊ အမျိုးသား(၆၉) ကီလို တန်းပြိုင်ပွဲတွင်ကျော်စွာထွန်း(မန္တလေး တိုင်းဒေသကြီး)မှ စတီးရှု(ဧရာဝတီ တိုင်းဒေသကြီး)ကိုလည်းကောင်း၊ သက်ဝေ(ကရင်ပြည်နယ်)မှ ဝင်းမင်း ထွန်း(ရန်ကုန်တိုင်းဒေသကြီး)ကို လည်းကောင်း၊ အမျိုးသား(၇၅)ကီလို တန်းပြိုင်ပွဲတွင် စောဂလယ်ထွန့် (ကရင်ပြည်နယ်)မှ ဟိန်းထက်အောင် (ဧရာဝတီတိုင်းဒေသကြီး)ကို လည်း ကောင်း၊ အောင်သူ(မန္တလေးတိုင်း ဒေသကြီး)မှနန်းငယ်ငယ်ထူး(စစ်ကိုင်း တိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပန်းအိဖြူ(စစ်ကိုင်းတိုင်းဒေသကြီး)မှ နော်သောနေထူး(ကရင်ပြည်နယ်)ကို လည်းကောင်း၊ သင်းသင်းခိုင်(မကွေး တိုင်းဒေသကြီး)မှ မေသဇင်ထူး (ရန်ကုန်တိုင်းဒေသကြီး)ကို လည်း ကောင်း၊ အမျိုးသမီး(၅၇)ကီလိုတန်း ပြိုင်ပွဲတွင် ပြည့်ပြည့်ဝင်း (စစ်ကိုင်းတိုင်း ဒေသကြီး)မှကျော့ကေခိုင်(မကွေးတိုင်း ဒေသကြီး)ကိုလည်းကောင်း၊ ထက် ထက်ဝင်း(တနင်္သာရီတိုင်းဒေသကြီး) မှရူပစံ(ဧရာဝတီတိုင်းဒေသကြီး)ကို လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြပါသည်။





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

တောင်ကြီး၊ ဇွန်လ(၁၆)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)သို့ သွား ရောက်ပြီး အရာထမ်း/အမှုထမ်းများ နှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏ လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များအပေါ် သက်ဆိုင်ရာဌာနခွဲများ



အနေဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေ ပွန်စွာ ဆောင်ရွက်သွားကြရန် လမ်း ညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည်သိပ္ပံ(တောင်ကြီး)ရှိ သင်တန်း သား/သင်တန်းသူများအတွက် ကျန်းမာ ရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးခန်းအားလည်းကောင်း၊ အား ကစားနှင့်ပညာရေးပေါင်းစပ် အထက် တန်းကျောင်း၏ လိုအပ်ချက်များအား

စာမျက်နှာ(၇၀)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲများ တက်ရောက်ကြည့်ရှုအားပေး

● နေပြည်တော်၊ ဇွန်လ(၁၂)ရက်။

၂၀၂၂ ခုနှစ်၊ (၄၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ တတိယနေ့ ပွဲစဉ်များကို ယနေ့နံနက်(၉)နာရီတွင်နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးရဲလွင်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေး ခဲ့ပါသည်။

ယနေ့ နံနက်ပိုင်းပွဲစဉ်များအဖြစ် အမျိုးသမီး (၄)ပေါက်တန်း ပွဲစဉ်တွင် ရောဝတီတိုင်းဒေသကြီးအသင်းမှ ရမှတ်(၄၅၃)မှတ်၊ နေပြည်တော်ကောင်စီနယ်မြေအသင်းမှ ရမှတ် (၄၅၇)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသား (၆)ပေါက်တန်းပွဲစဉ်တွင် ရောဝတီတိုင်းဒေသကြီးအသင်းမှ ရမှတ် (ဂ၁၀) မှတ်၊ ရခိုင်ပြည်နယ်အသင်းမှ ရမှတ် (၅၀၆)မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရမှတ်(၁၃၇ဂ)မှတ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ရမှတ် (၉၀ဂ) မှတ်တို့ အသီးသီး ရရှိခဲ့ကြပါသည်။

ဆက်လက်ပြီး နေ့လယ်ပိုင်းပွဲစဉ်များကို မွန်းလွဲ(၁)နာရီအချိန်တွင် စတင်ကစားခဲ့ကြရာ အမျိုးသား (၆)ပေါက်တန်း အသင်းလိုက် ပွဲစဉ်များအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ရမှတ်(၅၅၇)မှတ်၊ ကရင်ပြည်နယ်အသင်းမှ ရမှတ်(၆၃၇)မှတ်၊ ရှမ်းပြည်နယ်အသင်းမှ ရမှတ် (၆၆၃)မှတ်၊ မွန်ပြည်နယ်အသင်းမှ ရမှတ် (၇၀၀)မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရမှတ်(၁၃၅၃)မှတ်၊ မကွေးတိုင်းဒေသကြီးအသင်းမှ ရမှတ် (၁၁၄၃)မှတ်၊ နေပြည်တော်ကောင်စီနယ်မြေအသင်းမှ ရမှတ်(ဂ၀ဂ)မှတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရမှတ်(၇၂ဂ)မှတ်တို့ အသီးသီး ရရှိခဲ့ကြပါသည်။






အမျိုးသမီး (၄)ပေါက်တန်း ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ စုစုပေါင်း ရမှတ်(၁၅၅၆)မှတ်ဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စုစုပေါင်းရမှတ်(၁၃၇၂)မှတ်ဖြင့် ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ စုစုပေါင်းရမှတ်(၉ဂ၇)မှတ်ဖြင့်တတိယ ရရှိခဲ့ကြပါသည်။ ●





စာမျက်နှာ(၆၉) ...မှစာဆက်

လည်းကောင်း၊ သင်တန်းသူများ နေထိုင်သော အမျိုးသမီး အိပ်ဆောင်အားလည်းကောင်း၊ ရေကူးကန် တည်ဆောက်နေမှုအားလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် မှာကြားခဲ့ပြီးနောက် သင်တန်းသား/ သင်တန်းသူများ၏ နေ့လယ်စာ စားသုံးနေမှုနှင့် စားရိပ်သာတွင် ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ ●

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ လိုက်လံကြည့်ရှု စစ်ဆေး

မန္တလေး၊ ဇွန်လ(၁၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မန္တလေးတိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းမှစတင်ကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက် ပြီးစီးပြီ ဖြစ်သော အောင်မြေမန္တလာဘောလုံးအားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံနှင့် ဗထူးအားကစားကွင်းတွင် အသစ် တည်ဆောက်မည့် မိုးလုံလေလုံ အားကစားရုံမြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီ ကောင်းမွန်စေရေး၊ အောက်ခြေကြမ်းခင်းများခင်းကျင်းရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျရှိစေရေး သေချာကြပ်မတ်စိစစ်၍ စစ်ဆေးဆောင်ရွက်သွားရန် လိုကြောင်းနှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို ဦးစီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘောလုံးကွင်းအား အမြဲတမ်းစိမ်းလန်းစိုပြေစေရေးအတွက် ရေဖျန်းစနစ်များကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ထားရှိရန်၊ ကွင်းပတ်လည်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ပွဲကြည့်စင်ထိုင်ခုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ ဘောလုံးအားကစားကွင်းနှင့် ကွင်းပတ်ဝန်းကျင်၊ ရုံးနှင့် ရုံးပတ်ဝန်းကျင်စည်ဆက်မပြတ် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ပုံမှန် သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်သူများ စိတ်လက်ပျော်ရွှင်စွာ အားကစားကို အချိန်မရွေး လာရောက် လေ့ကျင့်ကစားနိုင်ရေးအား ကြိုတင် စီမံ ဆောင်ရွက်ထားရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိရန်နှင့် မိုးလုံလေလုံ အားကစားရုံအတွင်း ခိုငှက်များမဝင်ရောက်နိုင်အောင် အကာအရံများ ပြင်ဆင်ဆောင်ရွက် ထားရှိရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ နေ့စဉ်သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ထားကြရန်နှင့် လစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ပြုလုပ်ဆောင်ရွက်နိုင်ရေး သေချာကြီးကြပ်ဆောင်ရွက်ထားရန် တာဝန်ရှိသူများကို လမ်းညွှန် မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်ခရိုင်ကွင်းတွင် အသစ်တည်ဆောက်မည့် အားကစားကွင်း ပွဲကြည့်စင် မြေနေရာများကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့ကြောင်း သိရှိရပါသည်။









# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများအတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများ၏တင်ဒါပုံစံများအား ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနား ကျင်းပ

နေပြည်တော်၊ ဇွန်လ(၂၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများအတွက် တင်ဒါတင်သွင်းသည့် ကုမ္ပဏီများ၏ တင်ဒါပုံစံများအား ဖွင့်ဖောက်စစ်ဆေးခြင်း အခမ်းအနားကို ယနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် နေပြည်တော်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန တင်ဒါကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ လူငယ်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၁)ဦးကျော်ဦး၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၂) ဦးကျော်ဆန်းဦး၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်နှင့်တာဝန်ရှိသူများ၊ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ တင်ဒါကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ အဖွင့်အမှာစကားပြောကြားရာတွင် LOT အလိုက် တင်ဒါတင်သွင်းသူများ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း ကုမ္ပဏီများ အားလုံးလိုက်နာဆောင်ရွက်ပေးကြရန်နှင့် နှစ်စဉ်နှစ်တိုင်းပြုလုပ်နေသည့်အထက်ဌာန၏ ညွှန်ကြားချက်အတိုင်း လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တင်ဒါဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီမှ သတ်မှတ်ထားသည့် ဘတ်ဂျက်ခွင့်ပြုငွေနှင့် ကိုက်ညီ၍ အချက်အလက် ပြည့်စုံသည့် ကုမ္ပဏီများအား စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကြမ်းခင်းအရေအတွက် တူညီနေပါက အသုံးပြုထားသည့်ပစ္စည်းအရည်အသွေး၊ သတ်မှတ်













# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၊ (GYM)နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော်၊ ဇွန်လ(၂၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်လမ်းညွှန်မှုဖြင့် နည်းပြများ၏ အားကစားအရည်အချင်း၊ အဆင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် နည်းပြကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ GYM နည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်(၉:၀၀)နာရီ အချိန်တွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း Gold Camp ရှိ Multi-purpose Hall ၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဂျပန်နိုင်ငံမှ GYM နည်းပြ Mr. Mitsuru Inoue နှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ ကြပါသည်။




ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် နည်းပြ ဆရာကောင်းများပေါ်ထွန်းလာစေရေးအတွက် ရေရှည်စီမံကိန်းများဖြင့် အဖက်ဖက်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရန်နည်းပြများ၏ အခန်းကဏ္ဍသည်အရေးပါသည့်အတွက်အားကစားသမားများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှု/GYM နည်းစနစ်များကို အခြေခံမှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ယခု GYM နည်းပြသင်တန်းအား ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်သည့် နည်းပြများအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့် ကြံ့ခိုင်မှုနှင့်ပတ်သက်သည့် နည်းစနစ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူ တတ်မြောက်စေဖို့အတွက် ယခုသင်ကြားပို့ချမည့် နိုင်ငံခြားနည်းပြများ၊ ကျွမ်းကျင်သည့် မြန်မာနည်းပြဆရာများထံမှ နည်းစနစ်များကို ရနိုင်သမျှကြိုးစားလေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ မိမိတို့ကိုယ်တိုင် နည်းစနစ်များကို ကျွမ်းကျင်ပိုင်နိုင်မှ အားကစားသမားများကို အကောင်းဆုံး လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်သည့်အတွက် သင်တန်းတွင် သင်ကြားပို့ချသည့် ပညာရပ်များဖြင့် အားကစားသမားများ၏ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာအောင် မှန်ကန်သည့် နည်းစနစ်များကို အထောက်အကူပြု သင်ကြားပေးနိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် နည်းပြဆရာကောင်းများဖြစ်အောင် အထူးကြိုးစားသင်ယူပြီး လေ့လာဆည်းပူးကြဖို့ တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။





စာမျက်နှာ(၇၇)သို့

---

>>

ထားသည့် စံချိန်၊ စံညွှန်း မှီ/မမှီ စစ်ဆေးသွားမည်ဖြစ်ပြီး ထပ်မံတူညီနေပါက နှစ်စဉ် နှစ်တိုင်း အားကစားလုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်ပြီး လုပ်ငန်းများ ပြုလုပ်လျက်ရှိသည့် ကုမ္ပဏီများကို ဦးစားပေး ရွေးချယ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၂)ဦးကျော်ဆန်းဦးမှ ကြမ်းခင်းဈေး ဖွင့်ဖောက်ကြေငြာခြင်း၊ LOT-(4)ခု တင်ဒါတင်သွင်းသူများ၏ တင်ဒါပုံစံများကို LOT -(1)ခုချင်းစီအား ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် ဈေးနှုန်းပစ္စည်းများအား စိစစ် အတည်ပြု သတ်မှတ်ကြေငြာခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး နမူနာတင်သွင်းသည့်ပစ္စည်းများအား တာဝန်ရှိသူများမှ လိုက်လံ ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

■

၂၀၂၁ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ပထမဆု

# တစ်မျိုးသားလုံးကျန်းမာရေး လူထုအားကစားမြှင့်တင်လေး

❋ လောကလူ့ရွာ၊ ဘဝတာဝယ်
"ကျန်းမာခြင်းကား၊ လာဘ်တစ်ပါး" ဟု
တရားဒေသနာ၊ ကျမ်းဂန်လာ၌
"အာရောဂျံ ပရမံ လာဘံ"
ကောင်း"ကံ" အစစ် ၊ "ချမ်းသာ"ဖြစ်ကြောင်း
အနှစ်ဓမ္မ ၊ မြတ်သုခကို
ဗုဒ္ဓဘုရား ၊ မိန့်ဆိုထားခဲ့
အများအကျိုးတွက် ၊ ဆေးတစ်ခွက်နယ်
"ကိုယ်လက်လှုပ်ရှား ၊ အားကစား"မှ
နိုးကြားကြံ့ခိုင် ၊ စွမ်းအားမြိုင်အောင်
နိုင်ငံ လူမျိုး ၊ ဂုဏ်တင့်ဖြိုး၍
ကြီးပမ်းသက်လုံး ၊ စွဲကျင့်သုံးလျက်
ပြုံးပျော်လျှောက်လှမ်း နိုင်စေရာ ။

❋ "လောကလူ့ဘောင်
အောင်မြင်မှုလမ်း ၊ ရပ်တည်မြန်းဖို့
ကျန်းမာပြည့်ဝ ၊ မြတ်သုခတွေ
ရရှိပိုင်ပိုင် ၊ လွှမ်းခြုံနိုင်မှ
ပန်းတိုင်ရှိရာ ၊ လှမ်းနိုင်ပါအံ့"
ပြည်ရွာလူမှု ၊ အစုစု၌
ပြုဖွယ်များမြောင် ၊ လူတို့ဘောင်၏
ရွက်ဆောင်ကိစ္စ ၊ ပြုနိုင်ကြဖို့
ချမ်းမြရွှင်ပြုံး ၊ နှလုံးစိတ်ဝမ်း
သန်စွမ်းကျန်းမာ ၊ ပြည့်ဝပါမှ
ဆိုင်ရာကိုယ်စီ ၊ စွမ်းနိုင်မည်တည့်
ရည်မှန်းပန်းတိုင် ၊ လှမ်းတက်နိုင်ရေး
ကြံ့ခိုင်ကျန်းမာ ၊ ပြည့်ဝပါအောင်
ကာကွယ်ပြင်ဆင်ဖို့လိုပြီ ။

❋ ဘဝလမ်းဖွေ
စားဝတ်နေမှု ၊ ပြုကျင့်ပုံစံ
နည်းမှန်မကျ ၊ ပေါ့ဆခြင်းများ
ကြောင်းတရားနှင့် ၊ မအားမလပ်
ကျော်ဖြတ်ရန်းထွက် ၊ ဖိစီးချက်ကြောင့်
ကိုယ်လက်လှုပ်ရှား ၊ နည်းပါးလာမှု
ယိုယွင်းမှုဝယ် ၊ ခုခံအားတွေ
လျော့ကျလေကာ ၊ စိတ်နေနွမ်းညှိုး
ဆိုးကျိုးများယှဉ် ၊ ရောဂါဝင်ရ
ပြင်ဆင်ဖို့လို ၊ ချင့်ဖို့လိုပြီ
ကြိုတင်ကာကွယ် ၊ ထိရောက်လွယ်သည့်
အံ့ဖွယ်နိုးကြား ၊ အားကစားဖြင့်
အားဖြည့်လှုပ်ရှား မသင့်လော ။

❋ ကျားမ မရွေး ၊ ခွင့်ရေးတန်းတူ
လူတိုင်းစွမ်းနိုင် ၊ လုပ်ဆောင်နိုင်သည့်
တူပြိုင်နိုးကြား ၊ အားထားတွယ်ဖက်
"ကိုယ်လက်လှုပ်ရှား ၊ အားကစား"နှင့်
"ထူးခြားလက်ငင်း ၊ လမ်းလျှောက်ခြင်း"တွေ
မယွင်းနေ့စဉ် ၊ တူယှဉ်မပျက်
လက်တွေ့ယှဉ်ထား ၊ နည်းမှန်များဖြင့်
လှုပ်ရှားပေးမှု ၊ ပုံမှန်ပြုက
နှပျိုကျန်းမာ ၊ သက်ရှည်ကာလျှင်
ရောဂါဘယ ၊ ကင်းကွာရလျက်
ဘဝချမ်းမြ ၊ ပိုင်ဆိုင်ရမို့
"ဗလငါးတန် ၊ ဖွံ့ဖြိုးရန်" နှင့်
"ကိုယ်ခံစွမ်းအား ၊ စဉ်မြင့်မား" ဖို့
လှုပ်ရှားနေ့စဉ် အသိယှဉ် ။

မင်းသွေးနွယ်(စီးကုန်း)

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ပထမဆု

✻ ကိုယ်လက်လှုပ်ရှား ၊ အားကစားသည်
အားသစ်တွေပေး ၊ ကျန်းမာရေးတွက်
"ဆေးတစ်ပါး"သွင်၊ ရလဒ်ထင်စွာ
ကြိုတင်ကာကွယ်၊ ပြုကျင့်လွယ်ပြီး
ဖက်တွယ်ရောဂါ ၊ ဝေးလွင့်ကွာအောင်
ကျန်းမာစေကြောင်း ၊ နည်းလမ်းကောင်းတည့်
စိတ်ထောင်းကိုယ်ကြေ ၊ လွင့်ပျောက်စေကာ
စိတ်နေပေါ့ပါး ၊ ခွန်အားသစ်တည်
စွမ်းရည်လည်းမြင့် ၊ ကြံ့ခိုင်တင့်၍
ဝင့်မြူးသန်မာ ၊ နီးကြားစွာပင်
"ကျန်းမာခြင်းကား ၊ လာဘ်တစ်ပါး" မို့
အားသစ်ကိန်းမွေ့ ၊ သက်တမ်းစေ့တိုင်
ချမ်းမြေ့ဘဝ ၊ ပိုင်ဆိုင်ရလိမ့်
နိုးထလှုပ်ရှား စွဲကျင့်ကြ ။

✻ အဖိုးနည်းဝန်ပါ ကျန်းမာရေးတွက် ၊ ဆေးတစ်ခွက်နှယ်
သွက်လက်နုပျို ၊ သက်တမ်းပိုအောင်
"ကိုယ်လက်လှုပ်ရှား ၊ အားကစား" နှင့်
"နီးကြားမသွေ ၊ လမ်းလျှောက်လေမှု"
ပြုကျင့်မှုများ ၊ ရလဒ်များသည်
လူများစုကြား ၊ မကူးပွားရာ
ဖြစ်ပွားပိုမို ၊ ပျက်ယွင်းယိုသည့်
"ဆီးချိုသွေးချို " ပို့လွင်နှမ်းချုန်း
"နှလုံး" ကစ ၊ "သွေးတိုး" မှသည်
"နာတာရှည်" ထိ ၊ ဖိစီးရောဂါ
ဝေဒနာများ ၊ လျော့ကျသွားအောင်
ဟန့်တားကာလေ ၊ သက်သာစေ၍
ရေရှည်အားထားသင့်ပေပြီ ။

✻ ကူးစက်ဖြစ်ပွား ၊ သက်တိမ်းပါးစွာ
ချောက်ချားဖွယ်ဖြစ် ၊ "ကိုဗစ်ရောဂါ"
ကာကွယ်မှုတွက် ၊ အကျိုးဆက်လည်း
သက်ရှူသွင်းထုတ် ၊ နည်းမှန်လုပ်က
"အဆုတ်အားကောင်း" ၊ ကျန်းမာကြောင်းမို့
ကောင်းကျိုးသက်ရောက် ၊ အစွမ်းမြောက်စွာ
ထောက်ကူပြုနိုင် ၊ ကင်းဝေးနိုင်စေ
ယိမ်းယိုင်ကျွံနစ် ၊ မျိုးဆက်သစ်များ
"မူးယစ်ဆေးဝါး ၊ ပပျောက်သွားရေး
တားဆီးရေး" လည်း ၊ တွေးခေါ်ရင့်သန်
လမ်းဖြောင့်မှန်အောင် ၊ ထိရောက်အောင်လျှင်
ရှောင်ကွင်းပိုင်ပိုင် ၊ ကုစားနိုင်မို့
တူပြိုင်လှုပ်ရှား ၊ အလေးထား၍
"အားကစားစွမ်းဖြင့် လုဂုဏ်မြှင့်" ။

✻ "နှစ်ဖြာစိတ်ဝမ်း
သန်စွမ်းကျန်းမာ ၊ ကြံ့ခိုင်ပါရေး"
"ကာကွယ်ကြိုတင် ကင်းစင်ရောဂါ ၊ ဝေးလွင့်ကွာရေး"
"စိတ်အေးချမ်းမြေ့ သက်တမ်းစေ့မျှ ၊ နေထိုင်ရရေး"
ရလဒ်ကောင်းထွက် ၊ စွမ်းရည်ထက်သည့်
"ကိုယ်လက်လှုပ်ရှား ၊ အားကစား"ကား
အားသစ်လောင်းပေး ၊ "သက်စောင့်ဆေး"သို့
ရွေးချယ်မှန်စွာ ၊ အားထားရာပင်
ကာယဉာဏ ၊ စာရိတ္တထိ
ပြည့်ဝဂုဏ်မြင့် ၊ ပွဲလယ်တင့်၍
"အလေ့ကျင့်ကောင်းများ" ၊ လက်ကိုင်ထားကာ
အားပေးလုပ်ဆောင်ဖို့လိုပြီ ။

ပင်းသွေးနွယ်(စီးကုန်း)

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ပထမဆု

❋ "လူတိုင်းအလေးပေး ၊ ကျန်းမာရေး" နှင့်
"လူတိုင်းအရေးထား ၊ အားကစား" လျှင်
ခွဲခြားမရ ၊ ထပ်တူကျမို့
တက်ကြွလိုက်နာ ၊ ကာကွယ်ကာဖြင့်
ရောဂါကင်းဝေး ၊ သောကအေးသော်
ပြည်ရေးဝန်တာ ၊ ပိုင်နိုင်သာလွန်
ကျေပွန်စွာထမ်း ၊ ဂုဏ်ဆင့်လွှမ်းလိမ့်
ကျန်းမာကိုယ်စီ ၊ ကြံ့ခိုင်သည်နှင့်
ကြည်ရွှင်စိတ်အေး ၊ သောကဝေးကာ
ဆေးကုသခြင်း ၊ စရိတ်ကင်းကွာ
သက်သာစေရ ၊ ပျော်ရွှင်ရသည့်
တက်ကြွနိုးကြား ၊ မိသားစုဘဝ
ရရှိနိုင်စွာ ၊ ပိုင်ဆိုင်ပါအံ့
ကျန်းမာဂုဏ်ဆောင်မြှင့်တင်စို့ ။

❋ ကိုယ်စီနိုးကြား ၊ မိသားတစ်စုလုံး
ပြုံးပျော်နိုင်ရေး ၊ ကျန်းမာရေးတွက်
အလေးထားရှေးရှု ၊ အခြေပြု၍
"လူထုလှုပ်ရှား ၊ အားကစား" သွင်
ပါဝင်ဆင်နွှဲ ၊ အသိမြဲလျှင်
မလွှဲကေန် ၊ နိုင်ငံအဝှမ်း
သန်စွမ်းကျန်းမာ၊ အလှဖြာပြီး
ပြည်ရွာလူမှု ၊ အစုစုဝယ်
တုမယှဉ်နိုင် ၊ စွမ်းအားမြိုင်လျက်
နိုင်ငံဂုဏ်မြင့် ၊ ဘုန်းရောင်တင့်လိမ့်
ကြွားဝင့်ဂုဏ်ယူ ၊ အောင်လံထူရင်း
တူပြိုင်ကြိုးပမ်း ၊ ရှေ့ဆောင်လှမ်း၍
လက်ကမ်းဆင့်ကာ ၊ ဝန်းရံကာဖြင့်
ညီညာအားမြှင့် ဆင်နွှဲစို့ ။



❋ ကိုယ်လက်လှုပ်ရှား ၊ အားကစားမှ
ဆင့်ပွားစံပြု ၊ အောင်မြင်မှုများ
ရလဒ်များသည် ၊ "တိုင်းပြည်ဂုဏ်ရောင်"
ထွန်းပြောင်ဆတိုး ၊ "လူမျိုးသိက္ခာ"
ဂုဏ်ဆောင်ရာရောက် ၊ ပြည့်ဂုဏ်မြောက်စေ
ထိုနောက်ဆင့်ထပ် ၊ ပြည့်ဂုဏ်ဒြပ်တွက်
"စိတ်ဓာတ်ရေးရာ ၊ မြှင့်တင်ကာလျှင်"
ပြည်ရွာဂုဏ်မြင့် ၊ ရောင်ဟပ်ဝင့်ရ
ဆင့်၍တစ်ဖန် ၊ နိုင်ငံဂုဏ်ရောင်
အောင်မြင်တင့်ကြွား ၊ အားကစားလည်း
လူသားရင်းမြစ် ၊ မျိုးဆက်သစ်တွေ
ပေါ်ထွန်းလေကာ ၊ ဂုဏ်ဆောင်ကာလျှင်
တင့်ဖြာရွှေရောင် လျှမ်းဖိတ်ဝင့် ။

❋ တစ်ဦးချင်းမှသည် ၊ ပြည်ထောင်တစ်လွှား
အားမာန်သစ်ပျိုး ၊ ထကြွနိုးလော့
"မျိုးချစ်စိတ်"နှိုး ၊ ကိန်းအောင်းမိုးအောင်
"အမျိုးသားရေးအားမာန်" ၊ ရှင်သန်ဖြန့်ကြက်
"ကိုယ်လက်လှုပ်ရှား ၊ အားကစား" ကား
နိုးကြားလန်းဖြာ ၊ ကိုယ်ကျန်းမာပြီး
သိက္ခာလည်းမြင့် ၊ ပြည်ဂုဏ်တင့်စွာ
ဆင့်ပွားဆင့်ထပ် ၊ ပြည့်ဂုဏ်ဒြပ်များ
ထင်ဟပ်အောင်လေ ၊ သက်ရောက်စေအံ့
ရွှေပြည်မြန်မာ ၊ ထွန်းတောက်စွာဖြင့်
"ကျန်းမာကြံ့ခိုင် ၊ ပြည့်မလျှိုင်" သို့
တူပြိုင်လှမ်းတက် ၊ ဝိုင်းဝန်းလျက်ဖြင့်
"ကိုယ်လက်လှုပ်ရှား ၊ ဆေးတစ်ပါးအသိ"
ထိရောက်မှန်စွာ ၊ ပြုကျင့်ကာလျှင်
"ရောဂါဘယ ၊ ကင်းဝေးရဖို့"
"အနာဂတ်ဘဝ ၊ ချမ်းမြေ့ရဖို့"
တက်ကြွ ယှဉ်တွဲ ၊ ပေါင်းစုနွှဲကြ
စဉ်မြဲအားပေး ရှက်ဆောင်မနေး
တစ်မျိုးသားလုံး ခံယူတွေး
ပြုံးပျော်ကြံ့ခိုင် ကျန်းမာရေး
"လူထုအားကစား မြှင့်တင်ပေး"။ ။

ပင်းသွေးနွယ်(စီးကုန်း)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

● ရန်ကုန်၊ ဇွန်လ(၈)ရက်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ(၁၄း၀၀)နာရီက ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲပြိုင်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ် အမျိုးသမီးအသင်းက သန်လျင်မြို့နယ် အမျိုးသမီးအသင်းကို(၂)ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ်အမျိုးသားအသင်းကသာကေတမြို့နယ် အမျိုးသားအသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသား၊ အမျိုးသမီး ရိုက်ခုတ်အကောင်းဆုံးဆု၊ ပင့်ထောင်အကောင်းဆုံးဆု၊ နောက်ထိန်းအကောင်းဆုံးဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဝင်များကလည်းကောင်း၊ အမျိုးသား တတိယဆုရ မော်ဘီအသင်း၊ အမျိုးသမီး တတိယဆုရ တွံတေးအသင်းတို့အား အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေကလည်းကောင်း၊ အမျိုးသား ဒုတိယဆုရ သာကေတအသင်း၊ အမျိုးသမီး ဒုတိယဆုရ သန်လျင်အသင်းတို့အား အရှေ့ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်တို့ကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အမျိုးသား ပထမဆုရ ရွှေပြည်သာမြို့နယ် အသင်း၊ အမျိုးသမီး ပထမဆုရ ကွမ်းခြံကုန်းမြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ ●





▶ စာမျက်နှာ(၇၃) ...မှစာဆက်



အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ဂျပန်နိုင်ငံမှ နည်းပြဆရာ Mr. Mitsuru Inoue ၊ ကိုရီးယားနိုင်ငံမှ နည်းပြဆရာ Mr. Youn Byung Sun နှင့် မြန်မာနိုင်ငံမှနည်းပြ(၇)ဦးတို့မှ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား/ သင်တန်းသူ(၃၅)ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိစေရန်အတွက် နေပြည်တော် လူငယ်အားကစား လေ့ကျင့်ရေးစခန်းတွင် စခန်းဝင်သင်ကြားလေ့ကျင့်ပေးလျက်ရှိသော Youth Camp နည်းပြဆရာများအား တွေ့ဆုံအမှာစကားပြောကြားခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ SEA Games တွင် အောင်မြင်ခဲ့သည့် အားကစားနည်း (၂၀)နည်းကို အခြေခံ၍ Youth Camp တွင် အဆိုပါ အားကစားနည်းများအား ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိတို့ တတ်ကျွမ်းထားသည့် ပညာရပ်များ/နည်းစနစ်များကို ကိုယ်တိုင်သရုပ်ပြကစားပြ၍ အားကစားသမားများကို စနစ်တကျ လက်တွေ့လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ ခေါင်းဆောင်မှု စွမ်းရည်၊ ခေတ်မီတိုးတက်ပြောင်းလဲနေသောနည်းစနစ်များ၊ ပင်ကိုယ်အရည် အသွေးများတိုးတက်အောင်အစဉ်အမြဲကြိုးစားလေ့လာနေရန်လိုကြောင်း၊ မိမိ အားကစားသမားများ၏ အားနည်းချက်/အားသာချက်များကို သုံးသပ်ပြီး ထူးချွန်သည့် အားကစားသမားများဖြစ်အောင် စနစ်တကျ ပြုစုပျိုးထောင်၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အားကစားသမားများမှ ယုံကြည် လေးစားအားကိုးရသည့် နည်းပြဆရာကောင်းများဖြစ်အောင် ပြုမူပြောဆို နေထိုင်ကျင့်ကြံရန်လိုကြောင်း၊ အားကစားအပေါ် စိတ်ပါဝင်စားပြီး ယှဉ်ပြိုင်အနိုင်ရလိုစိတ်၊ အနိုင်မခံ အရှုံးမပေးသောဇွဲ/စိတ်ဓါတ်များရှိလာအောင် နည်းပြများမှ သွန်သင်ဆုံးမလမ်းပြပေးရန်လိုကြောင်း၊ အားကစားသမားများကို စည်းလုံးချစ်ခင်မှုဖြင့် နွေးထွေးစွာ ပြောဆိုဆက်ဆံ၍ နည်းပြများအပေါ် ယုံကြည်မှုရှိလာအောင် လိမ္မာပါးနပ်စွာကိုင်တွယ်နိုင်မှ အားကစားလောကတိုးတက် အောင်မြင်လာမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

●

# ၂၀၂၂ ခုနှစ်၊ ပြည်နယ် နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် တွေ့ဆုံခြင်း အခမ်းအနားကျင်းပ

နေပြည်တော်၊ ဇွန်လ(၉)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ(၃)နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Gold Medal Hall) ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက ဦးစိုးတင့်၊ဥက္ကဋ္ဌ ဦးသက်လွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/နည်းပြများ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ပြည်နယ် နှင့် တိုင်းဒေသကြီး အသီးသီးမှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်ရိုးရာခြင်းလုံး အားကစားသမားများ ပေါ်ထွက်လာစေရန် အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင်အလားအလာရှိပြီး ထူးချွန်ထက်မြက်သည့် ရွက်ပုန်းသီး မျိုးဆက်သစ် အားကစားသမားများကို ရွေးချယ်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)တွင် လေ့ကျင့်ပျိုးထောင်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီးနောက် အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ပါသည်။






# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်၊ ဇွန်လ(၂၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အရာထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့ နံနက်(၁၀း၃၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။





ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများမှ ဌာနခွဲအသီးသီး၏ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်မှ လိုအပ်သည်များ ဖြည့်စွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။





နောက်ကျောဖုံးသတင်း ...မှ စာဆက်

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ပိုက်ကျော်ခြင်းအားကစားသမားများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်း နည်းပြများ၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ပိုက်ကျော်ခြင်း အားကစားသမားများ၊ (၃၁)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသည့် ပိုက်ကျော်ခြင်းအားကစားသမားများနှင့် ပြိုင်ပွဲဝင်ပိုက်ကျော်ခြင်း အားကစားသမားများကိုလည်းကောင်း ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



ထို့နောက်နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပါသည်။

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာပိုက်ကျော်ခြင်း အမျိုးသားအားကစားသမား(၁၀)ဦး၊ အမျိုးသမီးအားကစားသမား(၉)ဦး၊ အုပ်ချုပ်သူ/နည်းပြ (၅)ဦး၊ စုစုပေါင်း(၂၄)ဦးတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခု၊ စုစုပေါင်း ဆုတံဆိပ်(၄)ခုရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

■

## လူထုအားကစားဆိုသည်မှာ

ငွေကုန်ကြေးကျနည်းပြီး လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အားကစားကွင်း/အားကစားရုံ၊ အားကစားလေ့ကျင့်ရေးအထောက်အကူပစ္စည်း မလိုအပ်ဘဲ စုပေါင်းလေ့ကျင့်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုဖြစ်သည်။

'တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရမည်'

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်







နေပြည်တော်၊ ဇွန်လ(၄)ရက်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော ပိုက်ကျော်ခြင်း အားကစား သမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရတနာသီယံဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေး အဖွဲ့ဝင် ဒေါက်တာ ရင်ရင်နွယ် နှင့် ဒေါက်တာ ဆလိုင်းစွန်ကျုံးလျန်၊ အာရှပိုက်ကျော်ခြင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အုပ်ချုပ်သူ/နည်းပြများနှင့် အားကစား သမားများ တက်ရောက်ခဲ့ကြပါသည်။

စာမျက်နှာ(၇၉)သို့